# ကြေးမုံ
## The Mirror

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်၊ သောကြာနေ့၊ **(12-12-2008)** (၅၈၉၀)


**ကတညုတာ တော် မင်္ဂလ မုတ္တမံ**

**သူ့ကျေးဇူးကို သိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဇုန်(၁)ရှိ ဒဂုံအင်တာနေရှင်နယ် လီမိတက်၏ လယ်မြေတွင် စက်ယန္တရားများဖြင့် မြေပေါ်မြောင်းနှင့် ကုန်ထုတ်လမ်းဖောက်လုပ်မှု၊ နွေစပါးစိုက်ပျိုးရေးအတွက် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နွေစပါးပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း ၁၀၀ ရရှိရေး စိုက်ပျိုးရေး(စံပြ)ဇုန်များကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် နွေစပါးပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း ၁၀၀ ရရှိရေး စိုက်ပျိုးရေး(စံပြ)ဇုန်ရှိ စိုက်ပျိုးရေးကုမ္ပဏီများ၏ နွေစပါးစိုက်ပျိုးရေး ပြင်ဆင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်လမ်း စိုက်ပျိုးရေး(စံပြ)ဇုန်(၂)ရှိ ပင်လယ်ကိုးသွယ်ကုမ္ပဏီ ယာယီရှင်းလင်းဆောင်၌ ပင်လယ်ကိုးသွယ်ကုမ္ပဏီဥက္ကဋ္ဌက နွေစပါးစိုက်ပျိုးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ စိုက်ပျိုးရေး(စံပြ)ဇုန်(၂)ဥက္ကဋ္ဌက ဇုန်(၂)အတွင်း နွေစပါးစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ လယ်မြေသို့ ရောက်ရှိကြပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# စစ်ကိုင်းတိုင်း၏ လက်ဖက်အထူးဇုန် ဟုမ္မလင်း
## ချင်းတွင်းလက်ဖက်(သို့မဟုတ်) အညာလက်ဖက် တိုးမြှင့်စိုက်ပျိုးနေ

သတင်းဆောင်းပါး - ဇော်ဝင်း(ကြေးမုံ)၊ သတင်းဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

**ဝင်းလက်သော နေခြည်အောက်တွင်ပင် လေထုကအေးစက်နေသည်။ မော်တော်ဆိုင်ကယ်၏ လျှင်သောအဟုန်ကြောင့် ဖုန်အလိပ်လိုက်ထလာ၍ အသက်ကို ကြိုးစားရှူရှိုက်ရင်း ပတ်ဝန်းကျင်ကို စေ့ငုမိသည်။ ဟုမ္မလင်းမြို့၏ သစ်လွင်လတ်ဆတ်သော အသွင်အပြင်တို့က ရိပ်ခနဲ၊ ရိပ်ခနဲ ကျန်ရစ်ခဲ့လေပြီ။**

မြို့၏အနောက်ဘက် တစ်မိုင်ခန့်အကွာ ကုန်းတက်ခရီးနှင်ပြီးသည့်နောက် လူနေအိမ်ခြေတို့ ကျဲပါးလာသည်။ လမ်းဘေးဝဲယာ တစ်လျှောက်တွင် ဇီဝလောင်စာ ကြက်ဆူစိုက်ခင်းများကို စတွေ့လာရသည်။ ဟုမ္မလင်းလေယာဉ်ကွင်းအနီးမှ အနောက်တောင်ဘက်သို့ လမ်းက ချိုးကွေ့သွားသည်။ မြေပြင်က ပြေလျှောလျှော၊ စိမ်းစိုမြင့်မားသော သစ်တောအုပ်ကြီးကို တွေ့လိုက်ရသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒**

## ယနေ့ ကြေးမုံ သတင်း၊ ဆောင်းပါး အညွှန်း


ဟောင်ကောင်တွင် ကြက်ငှက်တုပ်ကွေး ကျရောက်  စာမျက်နှာ ၄

မျက်စိ၌ အရေးပေါ် ဖြစ်တော့မည့် လက္ခဏာများ။ ဒေါက်တာကံညွှန့်၏(ဆောင်းပါး) စာမျက်နှာ ၆

ချန်ပီယံလိဂ် အုပ်စု နောက်ဆုံးပွဲစဉ် ရလဒ်များ။ စာမျက်နှာ ၁၁

ကြေးမုံ The Mirror

၁၂-၁၂-၂၀၀၈
(သောကြာနေ့)

## ပခုက္ကူလွင်ပြင် စိမ်းလန်းစိုပြည်ရေးအကျိုးပြု ဆည်တမံ အစုအဖွဲ့များ တိုးချဲ့တည်ဆောက်

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှား ရပ်ဝန်းဒေသများတွင် စိုက်ပျိုးမြေကျယ်ပြန့်စွာရှိသော်လည်း ယခင်က မိုးရေကိုသာ မျှော်ကိုး စိုက်ပျိုးခဲ့ရသဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အားနည်းခဲ့ရသည်။ ယနေ့ ကာလတွင် နိုင်ငံတော်က မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး အစီအမံများနှင့် ဆည်၊ ကန်၊ တမံငယ်များစွာကို တည်ဆောက်ပေးလျက်ရှိရာ ဆည်ရေဖြင့် သီးနှံစိုက်ပျိုး အကျိုးဖြစ်ထွန်းနေကြပြီဖြစ်သည်။

မကွေးတိုင်းသည် မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သည့် ဒေသတစ်ခုဖြစ်ရာ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်က ရေအရင်းအမြစ်ရရှိနိုင်မှု အခြေအနေများကို အစွမ်းကုန်ကြိုးပမ်း ဖော်ထုတ်ပေးလျက်ရှိသည်။

ယခုအခါ ဒေသအတွင်း၌ စိုက်ပျိုးသီးနှံထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဆည်၊ ကန်၊ တမံငယ် လုပ်ငန်းပေါင်း ၇၀ ကျော်ကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။ ပခုက္ကူခရိုင်အတွင်း၌ ဆည်အစုအဖွဲ့များ တည်ဆောက်ဖွင့်လှစ်နိုင်သဖြင့် စိုက်ပျိုးမြေ ဧက ခြောက်ထောင်ကျော်သို့ စိုက်ပျိုးရေပေးဝေနိုင်ပြီဖြစ်သည်။

ပခုက္ကူခရိုင်အနေဖြင့် ယခင်က မိုးစပါး ဧက ကိုးသောင်းကျော်နှင့် နွေစပါး ဧက တစ်သောင်းကျော်သာ စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါ စိုက်ပျိုးရေရရှိရေး နည်းလမ်းများ တိုးချဲ့ဖော်ဆောင်နိုင်မှုကြောင့် မိုးစပါးဧက တစ်သိန်းခန့်နှင့် သီးထပ်သီးနှံများ စိုက်ပျိုးနိုင်ရေး အလားအလာကောင်းများ ဖြစ်ထွန်းနေသည်။

ပခုက္ကူ၊ ရေစကြို၊ ပွင့်ဖြူ၊ မြိုင်၊ ဆိပ်ဖြူနှင့် ပေါက်မြို့နယ်တို့အတွင်း ဆည်၊ ကန်၊ တမံငယ်များကို တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိရာ ဆည်ရေသောက် စိုက်ပျိုးမြေများ တိုးတက်လာသည်။ မိုးစပါး၊ နွေစပါး၊ မိုးပဲတီစိမ်း၊ မိုးမြေပဲ၊ ဆောင်းပဲတီစိမ်း၊ ငရုတ်၊ ဝါ၊ ပြောင်း သီးနှံများပါ စိုက်ပျိုးအောင်မြင်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်း၌ ဆည်တမံပေါင်း နှစ်ရာကျော်ကို ဖြန့်ကြက်တည်ဆောက်ပေးထားရာ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေး အကျိုးပြုနေသည်။ မကွေးတိုင်းအတွင်း၌လည်း ဆည်၊ ကန်၊ တမံငယ် အစုအဖွဲ့များကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိရာ ပခုက္ကူလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးအတွက် ပိုမိုအကျိုးပြုနိုင်မည် ဖြစ်ပါသည်။ ။

## ဘူမိသိပ္ပံအသင်းနှင့် အလှူရှင်များ လူမှုဝန်ထမ်းဦးစီးဌာနသို့ ငွေကျပ် ၃၈၄၇၅၀၀၀ တန်ဖိုးရှိ ပစ္စည်းများလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသို့ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း(MBRO) နှင့် ဂျပန်နိုင်ငံ Saitama University မှ မြန်မာကျောင်းသားများက ငွေကျပ် ၃၈၄၇၅၀၀၀ တန်ဖိုးရှိ ၃၃လက်မ ရုပ်မြင်သံကြားစက် ငါးလုံး၊ ဘီးတပ်ကုလားထိုင်သုံးစီး၊ ချိုင်းထောက်သုံးစုံ၊ လက်ထောက်ငါးခု၊ ကျား၊ မ အင်္ကျီ၊ ဘောင်းဘီ အထည်ပေါင်း ၁၇၅၀၀ တို့ကို ဒီဇင်ဘာ ၁၀ရက် နံနက်၁၀နာရီတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း ဧည့်ခန်းမသို့ လာရောက်ပေးအပ်လှူဒါန်းရာ **(အောက်ပုံ)** လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ရတနာပုံ စူပါစင်တာနှင့် ရတနာပုံဒိုင်းမွန်းပလာဇာ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၁

**ရတနာပုံစူပါစင်တာနှင့် ရတနာပုံဒိုင်းမွန်းပလာဇာရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၅ရက် နံနက် ၉နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အဆိုပါအဆောက်အအုံ ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်၍ ရတနာအုတ်မြစ်စီခင်းပေးပြီး အဆောက်အအုံဆောက်လုပ်မည့် ရတနာပုံစင်တာနှင့် ရတနာပုံဒိုင်းမွန်းပလာဇာဈေးဆိုင်ခန်းများ၏ ပုံစံငယ်များကို ကြည့်ရှုစစ်ဆေးသည်။**

(အောက်ပုံ)

အဆိုပါ ရတနာပုံစူပါစင်တာနှင့် ရတနာပုံဒိုင်းမွန်းပလာဇာ အဆောက်အအုံသည်ယခင်ရတနာပုံဈေးဟောင်း နေရာတွင် (MGW)ဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်၍ အကျယ် ပေ ၃၂၀ ပတ်လည်၊ အမြင့် ၇၂ပေရှိ ခြောက်ထပ်အဆောက်အအုံဖြစ်ပြီး ဈေးဆိုင်ခန်းပေါင်း ၉၀၀၀ ကျော်ပါရှိ၍ အလွှာတိုင်းတွင် Fire Fighting Nozzle ငုတ်များဖြင့် မီးငြိမ်းသတ်မှုစနစ်များ တပ်ဆင်ထားရှိကာ အဆောက်အအုံစီမံကိန်းကို ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

(၁၉၈၂)မန္တလေး ဆေးတက္ကသိုလ်ဝင် ကျောင်းသား၊ ကျောင်းသူဟောင်းများ (11/1982 batch)၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် မန္တလေးမြို့ ၆၄ လမ်းနှင့် ၂၇ လမ်းထောင့်ရှိ Oriental House ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဒေါက်တာစိုးမိုး ဖုန်း-၀၉-၂၀၂၄၀၉၄၊ ဒေါက်တာဥမ္မာ ဖုန်း-၀၉၆၈၀၀၂၇၈၊ ဒေါက်တာဇော်မြင့် ဖုန်း-၀၉-၂၀၀၁၀၄၇၊ ဒေါက်တာအောင်သူ ဖုန်း-၀၉-၂၀၁၇၅၇၊ ဒေါက်တာထိန်ဝင်း ဖုန်း-၀၉-၂၀၂၈၀၆၄၊ ဒေါက်တာစိုးဝင်း ဖုန်း-၀၉-၅၁၈၈၇၃၇၊ ဒေါက်တာစန်းစန်းဝင်း ဖုန်း-၀၉-၂၁၃၀၃၃၇၊ ဒေါက်တာတင်မေစော ဖုန်း- ၀၉-၂၀၀၁၀၃၃၊ ဒေါက်တာအေးအေးမူ ဖုန်း-၀၉-၅၀၀၉၉၅၇၊ ဒေါက်တာကျော်မိုးအောင် ဖုန်း-၀၉-၂၀၀၆၈၀၃၊ ဒေါက်တာထွန်းအောင်ကြည် ဖုန်း-၀၉-၅၀၂၇၉၆၃၊ ဒေါက်တာမိုးသီတာ ဖုန်း-၀၉- ၂၀၀၁၈၆၇၊ ဒေါက်တာသီတာထွန်း ဖုန်း-၀၉-၂၀၁၃၆၄၅၊ ဒေါက်တာအောင်အောင် ဖုန်း-၀၉-၂၀၁၁၈၆၃၊ ဒေါက်တာအေးအေး ဖုန်း- ၀၉-၅၀၀၉၈၇၇၊ ဒေါက်တာစန္ဒာအောင် ဖုန်း-၀၉-၂၀၂၂၃၆၀၊ ဒေါက်တာတင်မောင်လင်း ဖုန်း-၀၉-၂၀၀၃၂၇၆၊ ဒေါက်တာဇော်ဝင်းမြ ဖုန်း-၀၉-၅၂၁၁၄၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

## သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် လပွတ္တာခရိုင်အတွင်းရှိ ကျေးရွာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၁

**အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့ အုတ်တွင်းကျေးရွာသစ်သို့ ရောက်ရှိပြီး အုတ်တွင်း-ထိပ်စွန်းလမ်းပိုင်း ဖောက်လုပ်နေမှု၊ Cyclone Shelter နှင့် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ နေအိမ်များ စနစ်တကျတည်ဆောက်ထားမှုနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူထားမှုများကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် ကုန်းသာယာကျေးရွာသစ်အတွက် ရေချိုရရှိစေရန် ဆောင်ရွက်ထားမှုများနှင့် ကုန်းသာယာ အခြေခံပညာအလယ်တန်းကျောင်း ဆောက်လုပ်ပြီးစီးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။ ဝန်ကြီးသည် ဒီဇင်ဘာ ၈ရက် နံနက်ပိုင်းတွင် သောင်ကလေးကျေးရွာသို့ရောက်ရှိပြီး ဆားကွင်းများနှင့် ဆားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် သောင်ကလေးကျေးရွာသစ် (အောင်ခိုင်ရွာ) နှင့် သက္ကယ်သောင်ကျေးရွာအုပ်စု အုန်းချောင်းကျေးရွာတို့သို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် စည်းစည်းလုံးလုံးဆောင်ရွက်သွားကြရန် မှာကြားသည်။ ဝန်ကြီးသည် ညပိုင်းတွင် သပြေငူကျေးရွာသစ်သို့ရောက်ရှိပြီး တည်ဆောက်နေသော Cyclone Shelter နှင့်ကျေးရွာအတွင်း သီးပင်စားပင်များ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေး၍ ကျေးရွာပြည်သူများအား နှုတ်ဆက်အားပေး စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ချောင်းဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် မူလတန်းကြိုကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး သပြေငူကျေးရွာအတွက် မီးစက်တစ်လုံး လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ၊ အသင်းတည်ရှိရာ ရွှေကျင်ဓမ္မာရုံ၊ ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ်ဒဂုံမြို့နယ်၌ကျင်းပမည်ဖြစ်ပါ၍ ၂၀၀၇-၂၀၀၈ပညာသင်နှစ်တွင် အသင်းဝင်သား၊ သမီးများမှ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ သက်ဆိုင်ရာထောက်ခံချက်၊ အမှတ်စာရင်းဖြင့်လည်းကောင်း၊ အသက်(၈၀)နှင့် အထက်သက်ကြီးကန်တော့ခံများ မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ဇန်နဝါရီ ၁၀ရက် နောက်ဆုံးထား၍ အသင်းရုံး ဖုန်း-၂၄၁၈၃၀ သို့ စာရင်းပေးပို့နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

**✳ ရှေ့ဖုံးမှ**

နွေစပါးစိုက်ပျိုးရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ထွန်စက်များဖြင့် လယ်မြေများ ထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဇုန်(၁)ရှိ ဒဂုံအင်တာနေရှင်နယ် လီမိတက်၏ လယ်မြေသို့ ရောက်ရှိကြပြီး စက်ယန္တရားများဖြင့် မြေပေါ်မြောင်းနှင့် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု၊ နွေစပါးစိုက်ပျိုးရေးအတွက် လယ်ထွန်စက်များဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက မြောင်းဖြစ်လမ်းဖြစ် ဖောက်လုပ်မှုနှင့် နွေစပါးစိုက်ပျိုးမှု အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နွေစပါးစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေရရှိရေးနှင့် လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာချာလီသန်းအား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

## ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာနှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက်၊ ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

(ဓမ္မပဒ-၄၄)






## မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၆) ဖွင့်ပွဲကို ဒီဇင်ဘာ ၁ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အခွန်ဦးစီးဌာနမှူး ၅၀ဦး တက်ရောက်ကြပြီး ရက်သတ္တ လေးပတ်ကြာ အခွန်ဆိုင်ရာဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ် အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၃၆) သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

## ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

၁၉၆၈-၆၉-၇၀ပြည့်နှစ် ဘူမိဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက် (လွှတ်လပ်ရေးနေ့)တွင် လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုပါက ဦးမြင့်ဝေ ဖုန်း-၆၄၁၁၉၂၊ ၆၄၁၉၅၀၊ ဦးသိန်းဝင်း ဖုန်း-၅၈၀၆၂၅၊ ၀၉-၅၁၆၉၅၂၁၊ ဦးတင်ကျော်သန်း ဖုန်း-၅၇၁၀၂၈၊ ၀၉-၅၀၀၂၅၈၁နှင့် ဦးတင့်နောင် ဖုန်း-၂၂၅၅၆၉၊ ၀၉-၂၀၀၅၆၂၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါက မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ် ဆိပ်ကမ်းအင်ဂျင်နီယာ ဌာနအတွက် သင်ထောက်ကူပစ္စည်းများ လှူဒါန်းပွဲနှင့် ၂၀၀၆-၂၀၀၇ နှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်များတွင် ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်၌ ပထမဆုရ ဘွဲ့ရ ကျောင်းသားနှစ်ဦးတို့အား HPH က ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀စီ ချီးမြှင့်ပွဲကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီလဝါဒေသရှိမြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးချာလီသန်းက အမှာစကားပြောကြားပြီးမြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးမင်းကြည်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြ၍ သင်ထောက်ကူပစ္စည်းများကိုပါမောက္ခချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက်ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်တွင်ပထမဆုရကျောင်းသားနှစ်ဦးတို့အား လက်ထောက် အထွေထွေမန်နေဂျာ ဦးမင်းကြည်က **(အပေါ်ယာပုံ)** HPH ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀စီတို့ကို ပေးအပ်ချီးမြှင့်သည်။

မြန်မာ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါအနေဖြင့် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်သို့ သတ္တမအကြိမ် လှူဒါန်းမှုအဖြစ် ယခု ၂၀၀၈ခုနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၀၀၀တန်ဖိုးရှိ ဆိပ်ကမ်း အင်ဂျင်နီယာပညာဌာနတွင် လိုအပ်မည့် ရည်ညွှန်းစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများနှင့် ပညာသင်ဆုအနေဖြင့် ဆိပ်ကမ်းအင်ဂျင်နီယာ အထူးပြုကျောင်းသား ၁၀ဦးတို့အား ရွေးချယ်၍ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀စီဖြင့် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၀၀၀ကို ပညာသင်ဆုအဖြစ် ပေးအပ်ခဲ့ပြီး ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ရ အထူးပြုကျောင်းသားသုံးဦးတို့အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ Saigon International Terminals Vietnam (SITV)က တည်ဆောက်လျက်ရှိသော ဆိပ်ကမ်းလုပ်ငန်းတွင် ခြောက်လတာ အလုပ်သင်များအဖြစ် စေလွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




## မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း မျက်နှာစုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း၏ ဒုတိယအကြိမ် အသင်းသား၊ အသင်းသူများ စုံညီအစည်းအဝေးကို နိုဝင်ဘာ ၂၄ရက် နံနက် ၉နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်များအသင်း(ဗဟို)၌ ကျင်းပရာ နာယကအဖွဲ့ဝင်များ၊ ဂုဏ်ထူးဆောင် အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် ဖိတ်ကြားထားသူများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ဦးတင်ညို(ညွှန်ချုပ်-ငြိမ်း အခြေခံပညာ)နှင့် ဗိုလ်မှူးကြီး မျိုးမြင့် (ဦးဆောင်ညွှန်မှူး၊ ဗန္ဓုလသယ်ပို့ကုမ္ပဏီ)တို့က အမှာစကားပြောကြားကြပြီး စာရင်းစစ် ဦးမြတ်ဦး(ဘောဂဗိုက်တာ)ကအလှူရှင်များအားဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကာ သဘာပတိ ဦးတင်ညိုက အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းအလုပ်အမှုဆောင်အဖွဲ့စာရင်းကိုလည်းကောင်း၊ ဥက္ကဋ္ဌ ဦးမြတ်သူဝင်း (ရွှေမင်းသားအကျိုးဆောင် ကုမ္ပဏီ)က နာယကအဖွဲ့နှင့် ဂုဏ်ထူးဆောင် အဖွဲ့များကိုလည်းကောင်းဖတ်ကြားကြေညာသည်။

ဆက်လက်၍ဘဏ္ဍာရေးမှူးကိုယ်စား ဒေါ်စန္ဒာဝင်းက ဘဏ္ဍာရေး စာရင်းရှင်းတမ်းများကို ဖတ်ကြားတင်ပြပြီး အလုပ်အမှုဆောင်အဖွဲ့ကသဘာပတိရွေ့မှောက်တွင် ကတိသစ္စာ ပြုကြသည်။ ထို့နောက် တာဝန်ရှိသူများနှင့် အသင်းသူ၊ အသင်းသားများက အသင်း၏ အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး ဥက္ကဋ္ဌ ဦးမြတ်သူဝင်းကအသင်း၏ ဆောင်ရွက်မှုများကိုရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

## ရွှေနိုင်ငံ သတင်းဂျာနယ် အတွဲ(၇) အမှတ်(၁၅)ထွက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

တန်(၅၀)အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း)ဖွင့်ပြီ၊ မြန်မာ့စီးပွားရေးစီမံကိန်းများသည် ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ဂယက်ကိုရင်ဆိုင်ရန် အကောင်းဆုံး ကိုယ်ခံအားဖြစ်သည်၊ ပြည်သူချစ်သော ပြည်သူယုံကြည်သော ပြည်သူအားကိုးသော ပြည်သူ့ကိုယ်စားလှယ်နှင့် ပြည်သူ့ခေါင်းဆောင်ဖြစ်လာရေးကြိုးပမ်း၊ လက်ရှိနိုင်ငံရေးအပြောင်းအလဲအပေါ် ဝါရင့်နိုင်ငံရေးသမားကြီးများ၏ အမြင်နှင့် သဘောထားကို မျိုးဆက်သစ်များလေ့လာ၊ ရေလှောင်တမံစီမံကိန်းကြီးငါးခု အကောင်အထည်ဖော်မည်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ဧရာဝတီတိုင်းလမ်းကွန်ရက် အကောင်အထည်ဖော်မည်၊ ရေအားလျှပ်စစ် စီမံကိန်း(၁၅)ခု အကောင်အထည်ဖော်မည်၊ မဟာဓာတ်အားလိုင်း စီမံကိန်းကိုးခုနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်း(၁၉)ခု ဆက်လက်အကောင်အထည်ဖော်မည်၊ မြန်မာတစ်နိုင်ငံလုံး မီးရထားလမ်း ကွန်ရက် ယှက်ဖြာစေမည် စသည့် သတင်းဆောင်းပါးများပါဝင်သည့် ယခုတစ်ပတ်ထုတ် ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇) အမှတ်(၁၅) ထွက်ပြီဖြစ်သည်။

ထို့အပြင် အဆိုပါဂျာနယ်၌ မြန်မာနှင့်အီဂျစ် လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေး ပူးပေါင်းဆောင်ရွက်မည်၊ မြန်မာနှင့်အိန္ဒိယကိုယ်စားလှယ်အဖွဲ့ ကုန်သွယ်မှုတိုးမြှင့်ရေးဆွေးနွေး၊ ရေနံဈေးကျဆင်းမှုအခွင့်အရေးကို အမိအရဆုပ်ကိုင်၊ မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အိန္ဒိယမှ ပုံမှန်ဝယ်ယူရေးညှိနှိုင်း၊ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြောင့် ကဏန်းနှင့်ငါးရှဉ့်ဈေးကွက် ထိခိုက်မှုမရှိနိုင်၊ ပထမပုဂ္ဂလိကဘဏ် ရှယ်ယာဈေးမြင့်တက် စသည့် ပြည်တွင်းပြည်ပ သတင်းများ၊ ဓာတ်ပုံများ ဝေဝေဆာဆာ ဖော်ပြပါရှိသည်။

ယင်းဂျာနယ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပြီး စာမူပေးပို့ရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ ရွှေနိုင်ငံသတင်းဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ**

## နိုင်ငံတကာသတင်းများ

## အမေရိကန်တို့ လေကြောင်းမှ မှားယွင်းပစ်ခတ်မှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံး

**ကဘူး ဒီဇင်ဘာ ၁၁**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူးပြည်နယ်တွင် ဒီဇင်ဘာ ၁၀ရက်၌ အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များက လေကြောင်းမှ မှားယွင်းပစ်ခတ်မှုကြောင့် ရဲစခန်းတစ်ခုအားထိမှန်ခဲ့ရာ အာဖဂန်ရဲတပ်ဖွဲ့ဝင် ခြောက်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးသွား၍ ၁၁ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲ ဂါလမ်ဂျာလာနီခန်းက ပြောကြားသည်။

အဆိုပါအဖြစ်အပျက်သည် ကာလတ်မြို့ ရဲတပ်ဖွဲ့စခန်းတွင် နံနက် ၃ နာရီက ဖြစ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံစုံတပ်ဖွဲ့၏ တိုက်ခိုက်ရေးရဟတ်ယာဉ်မှ ပစ်ခတ်မှုကြောင့် သေဆုံးသော အရပ်သားမှာ ရဲစခန်း အနီးရှိအိမ်မှ ဖြစ်ကြောင်း သတင်းက ဖော်ပြသည်။

တာလီဘန်များနှင့် အယ်လ်ခိုင်ဒါများအား တိုက်ခိုက်နှိမ်နင်းနေသည့် ခုနစ်နှစ်တာ စစ်ပွဲအတွင်း အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များသည် မကြာခဏဆိုသလို မှားယွင်းပစ်ခတ်မှုများ ဖြစ်ပွားသည့်အတွက် မိတ်ဆွေတပ်ဖွဲ့ဝင်များနှင့် အရပ်သားအများအပြား အသက်ဆုံးရှုံးကြရသည်။ မှားယွင်းပစ်ခတ်မှုကြောင့် သေဆုံးရသူဦးရေမှာ ငါးထောင်ကျော်ရှိကြောင်း သိရသည်။

***အင်တာနက်။***



**အီရတ်နိုင်ငံမြောက်ပိုင်း နင်နီးဗားဒေသတွင် ခုခံရေးသမားများ၏ တိုက်ခိုက်မှု ခံရပြီးနောက် မီးလောင်ကျွမ်းနေသည့် နေရာအား တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဗြိတိန်တပ်ဖွဲ့ လာမည့်မတ်လတွင် အီရတ်မှ ရုပ်သိမ်းရန် အစီအစဉ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၁၁**

ဗြိတိန်နိုင်ငံသည် အီရတ်တွင် တပ်စွဲထားသော အင်အား ၄၀၀၀ ကျော်ရှိသည့် တပ်ဖွဲ့ဝင်များမှ အများစုကို လာမည့်မတ်လတွင် ပြန်လည်ရုပ်သိမ်းရန် စီစဉ်နေကြောင်း ဒီဇင်ဘာ ၁၀ ရက်ထုတ် သတင်းစာများတွင် ဖော်ပြသည်။

ဗြိတိန်သတင်းစာများသည် အဆိုပါသတင်းအား အမည်မဖော်လိုသူ ကာကွယ်ရေးဝန်ကြီးဌာန အထက်တန်းအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြကြခြင်းဖြစ်သည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် အခြေချ တပ်စွဲထားသည်။ ထိုတပ်ဖွဲ့များ၏နေရာကို ထောင်နှင့်ချီရှိသော အမေရိကန်တပ်ဖွဲ့များနှင့် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိသျှတပ်များ ထွက်ခွာနိုင်ရေးအတွက် အီရတ်အစိုးရနှင့်သဘောတူ အတည်ပြုချက်ရရှိရန် လိုအပ်နေသေးသော်လည်း တပ်ရွှေ့ပြောင်းရေး အစီအစဉ်များ ဆောင်ရွက်မှုသည် အတော် ခရီးရောက်နေပြီဖြစ်ကြောင်း တိုင်းမ်သတင်းစာက ရေးသားသည်။

ဘဂ္ဂဒက်တွင် တာဝန်ထမ်းနေသော ဗြိတိန်အထူးတပ်ဖွဲ့များအား အီရတ်မှတပ်ရုပ်စေပြီး အာဖဂန်နစ္စတန်သို့ ပြောင်းရွှေ့ကာ တာဝန်ထမ်းဆောင်စေမည်ဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။ ဇန်နဝါရီ ၃၁ရက်၌ အီရတ်နိုင်ငံတွင် ပြည်နယ်ဆိုင်ရာ ရွေးကောက်ပွဲများ ကျင်းပရန်ရှိရာ ထိုအချိန် အတောအတွင်း မငြိမ်မသက်မှုများ ဖြစ်ပွားလာမည်ကို အာဏာ ပိုင်များက စိုးရိမ်လျက်ရှိကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ဥရုဇ်ဂန်ပြည်နယ် ဈေးအတွင်း ဗုံးပေါက်ကွဲ နှစ်ဦး သေဆုံး၍ ကိုးဦး ဒဏ်ရာရ

**ကန်ဒါဟာ ဒီဇင်ဘာ ၁၁**

အာဖဂန်နိုင်ငံတောင်ပိုင်းရှိ ဈေးတစ်ဈေးအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်နှစ်သားအရွယ် ကလေးတစ်ဦးအပါအဝင် အရပ်သားနှစ်ဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

အဆိုပါဗုံးသည် ဥရုဇ်ဂန်ပြည်နယ်၏မြို့တော် တာရင်ကွတ် မြောက်ပိုင်းရှိ ဈေးအတွင်း အင်္ဂါနေ့က ပေါက်ကွဲခြင်းဖြစ်သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲ ဂျူမားဂူလ်ဟီမတ်က ပြောကြားသည်။



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရသွားရှာသော ကလေးငယ်ကို ဆေးရုံ၌ တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**ဟောင်ကောင်တွင် ကျန်းမာရေး ဝန်ထမ်းများက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်နေကြသည်ကို ဒီဇင်ဘာ ၁၀ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



### မစိုးရိမ်ရ

အခင်းဖြစ်ပွားမှုကြောင့် ခုနစ်နှစ်အရွယ် ကလေးတစ်ဦး အပါအဝင် အရပ်သားနှစ်ဦးသေဆုံးရကာ အခြား ကိုးဦး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသွားသူများတွင် ကလေးငယ်လေးဦး၏ အခြေအနေမှာ မစိုးရိမ်ရကြောင်း သိရသည်။

### မြင့်တက်

အာဖဂန်တွင် အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင် အင်အား ၇၀၀၀၀ ခန့် ရှိနေသော်လည်း တာလီဘန်စစ်သွေးကြွများ၏ တိုက်ခိုက်မှုအရှိန်သည် လျော့ကျမသွားသေးဘဲ မြင့်တက်လာလျက်ရှိသည်ဟု ဆိုသည်။

***အင်တာနက်။***

## ဟောင်ကောင်တွင် ကြက်ငှက်တုပ်ကွေးကျရောက်၊ ကာကွယ်ရေးအစီအစဉ်ဆောင်ရွက်နေ

**ဟောင်ကောင် ဒီဇင်ဘာ ၁၁**

ဟောင်ကောင်ဒေသရှိ ကြက်မွေးမြူရေးခြံတစ်ခုတွင် မကြာသေးမီရက်ပိုင်းက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း၊ ထိုအခြေအနေကြောင့် ယခုအသုံးပြုနေသော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေးမှာ မထိရောက်တော့ဟု ယူဆပြီး ကာကွယ်ဆေးလဲ၍ အသုံးပြုရန် သင့်၊ မသင့် စဉ်းစားနေသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ဟောင်ကောင်တွင် ယခုဖြစ်ပွားသော ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးမှာ H5 အမျိုးအစား ဗိုင်းရပ်စ်ဖြစ်သည်ဟု ဒေသဆိုင်ရာမှ ကျန်းမာရေးတာဝန်ရှိသူ ယောက်ချောင်းက ပြောကြားသည်။ ကြက်ငှက်ဗိုင်းရပ်စ်ပိုးသည် ပြီးခဲ့သော ခြောက်နှစ်တာကာလအတွင်း မျိုးပွားလာခဲ့ကြောင်း၊ သို့ရာတွင် လူတစ်ဦးမှတစ်ဦး တိုက်ရိုက်ကူးစက်နိုင်သည့် အဆင့်သို့မူ ပြောင်းလဲခြင်းမရှိသေးကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။

ဟောင်ကောင်တွင် လောလောဆယ် အသုံးပြုနေသော ကြက်ငှက်တုပ်ကွေးကာကွယ်ဆေး အမျိုးအစားမှာ နယ်သာလန်နိုင်ငံထုတ် $H_5N_2$ ကာကွယ်ဆေးအမျိုးအစားဖြစ်သည်။ ထိုဆေးကို $H_5N_1$ ကာကွယ်ဆေးအမျိုးအစားနှင့် ပြောင်း၍ သုံးသင့်၊ မသင့် ဟောင်ကောင်တက္ကသိုလ်နှင့် ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။ ယခုသီတင်းပတ်အကုန်တွင် ကြက်ငှက်ကောင်ရေ ၉၀၀၀၀အထိ သတ်ဖြတ်ပစ်ခြင်းဖြင့် ရောဂါမပြန့်ပွားစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချောင်းက ပြောကြားသည်။

***အင်တာနက်။***



**တရုတ်နိုင်ငံ၏ဆောင်းကာလတွင် မဟာတံတိုင်းကြီးပေါ်၌ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနေသည်ကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဘရာဇီးနိုင်ငံတွင် သီးနှံအထွက်နှုန်းကောင်း

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၁၁**

ဘရာဇီးနိုင်ငံတွင် ကောက်ပဲသီးနှံများကို ရိတ်သိမ်းရာ ယခုနှစ်တွင် ရရှိသော ပမာဏမှာ တန်ချိန် ၁၄၅ ဒသမ ၇သန်းရှိကြောင်း၊ ၂၀၀၇ခုနှစ်က ထွက်ရှိသည့် ပမာဏမှာ တန်ချိန် ၁၃၃ ဒသမ ၁ သန်းသာ ရှိခဲ့ကြောင်း ဘရာဇီးနိုင်ငံ၏ ပထဝီဝင်နှင့် စာရင်းဇယားများ ပြုစုရေးဌာန(အိုင်ဘီဂျီအီး)မှ သတင်းထုတ်ပြန်သည်။

၂၀၀၈ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေဧကပေါင်းသည် ၄၇ ဒသမ ၂ သန်းထိရှိရာ ယခင်နှစ်ကထက် စိုက်ဧရိယာ ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟု အိုင်ဘီဂျီအီးက ပြောကြားသည်။

ပဲပိစပ် စိုက်ပျိုးမြေဧရိယာသည် ဟက်တာ ၂၁ဒသမ ၃သန်းဖြစ်၍ အမြင့်ဆုံးဖြစ်ကြောင်း၊ ပြောင်းဖူးစိုက်ဧရိယာသည် ဟက်တာ ၁၄ဒသမ၄ သန်းဖြစ်ပြီး ဆန်စပါးစိုက်ဧရိယာသည် ဟက်တာ ၂ ဒသမ ၉ သန်းရှိကြောင်း အိုင်ဘီဂျီအီးက ဆက်လက်ပြောကြားသည်။

အထက်ပါ သီးနှံသုံးမျိုးမှ အထွက်နှုန်းရလဒ်သည် ဘရာဇီးတစ်နိုင်ငံလုံးရှိ ကောက်ပဲသီးနှံများ၏ အထွက်နှုန်းရလဒ်အနက် ၈၇ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဟားမတ်စ်တို့၏ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုအပေါ် အစ္စရေးတို့က စစ်ရေးအရ တုံ့ပြန်သွားမည်ဟု သတိပေးပြောကြား

**ဂျေရုဆလင် ဒီဇင်ဘာ ၁၁**

အစ္စရေးအစိုးရအနေဖြင့် ဂါဇာကမ်းမြောင်မှနေ၍ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်နေခြင်းကို ရပ်တန့်စေရန်အတွက် စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲသွားမည်ဟု အစ္စရေးဝန်ကြီးချုပ် အီဟုတ်အိုလ်မတ်က ဒီဇင်ဘာ ၉ရက်တွင် သတိပေးပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် နိုင်ငံ၏ပိုင်နက်ကို ထိပါးခံမည်မဟုတ်သည့်အပြင် မိမိတို့၏ နေထိုင်ရပ်တည်မှုကို အနှောင့်အယှက်ဖြစ်စေသော ကိစ္စရပ်များအပေါ် တုံ့ပြန်တိုက်ခိုက်သွားမည် ဖြစ်သည်ဟု ဂါဇာဒေသသို့ အလည်အပတ် ရောက်ရှိစဉ် ၎င်း၏ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ သတင်းဌာနက ထုတ်လွှင့်သည်။

ယင်းနေ့ အစောပိုင်းကပင် ဝန်ကြီးချုပ်ရာထူးအတွက် လျာထားခံရသူ နိုင်ငံခြားရေးဝန်ကြီး တာဇစ်ပီလစ်ဗ်နီကလည်း ဂါဇာကမ်းမြောင်မှနေ၍ စစ်သွေးကြွတို့၏ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်နေမှုအပေါ် တုံ့ပြန်သွားမည်ဟု ပြောကြားခဲ့သည်။

ပါလက်စတိုင်းတို့၏ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်နေမှုအား ရပ်တန့်စေရန်အတွက် စစ်ရေးအရ တုံ့ပြန်မှု တစ်ခု အရေးတကြီး လိုအပ်လာပြီ ဖြစ်သည်ဟု အခြားသတင်းစာ တစ်စောင်နှင့် တွေ့ဆုံမေးမြန်းသည့် အချိန်တွင် သူမက ထည့်သွင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ပြန်ပေးဆွဲထားသော ဂရိကုန်တင်သင်္ဘောကို ဆိုမာလီပင်လယ်ဓားပြများ ပြန်လွှတ်ပေး

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၁**

ယခုနှစ်စက်တင်ဘာလအတွင်းကအပိုင်စီးထားသော ဂရိကုန်တင်သင်္ဘော အမ်ဗီကပ္ပတိန် စတီဖင်နို့စ်ကို ဆိုမာလီဓားပြများက ပြန်လွှတ်ပေးလိုက်ပြီ ဖြစ်ကြောင်း ဒေသခံ ရေကြောင်းသွားလာရေးအဖွဲ့အစည်းက ဒီဇင်ဘာ ၉ရက်တွင် ပြောကြားသည်။

သင်္ဘောအသွားအလာများသော အိန္ဒိယသမုဒ္ဒရာ အေဒင်ပင်လယ်ကွေ့တွင် ၂၀၀၈ ခုနှစ်အတွင်း ပင်လယ်ဓားပြများ ထကြွမှု အထူးများပြားလာသည့်အတွက် ကုန်သွယ်ရေကြောင်း သင်္ဘောအာမခံကြေးများ မြင့်တက်လာခဲ့ရချိန်တွင် ပင်လယ်ဓားပြများမှာမူ ဒေါ်လာသန်းနှင့်ချီ၍ ပွပေါက်တိုးခဲ့ကြသည်။ ယင်းအခြေအနေများကြောင့် အဆိုပါရေပြင်သို့ ရေတပ်သင်္ဘောများ စေလွှတ်ကာ အကာအကွယ်ပေးမှုများ ဆောင်ရွက်လာကြသည်။

စတီဖင်နို့စ်သင်္ဘောသည် ဘဟားမား အလံလွှင့်ထူထားသော သင်္ဘောဖြစ်ပြီး ကျောက်မီးသွေးများကို တင်ဆောင်ကာ ခုတ်မောင်းနေစဉ် အပိုင်စီးခံရခြင်းဖြစ်သည်။ ထိုသင်္ဘောပေါ်တွင် ဖိလစ်ပိုင်သင်္ဘောသား ၁၇ ဦး၊ တရုတ်အမျိုးသားတစ်ဦးနှင့် ယူကရိန်းနိုင်ငံသားတစ်ဦးတို့ လိုက်ပါလာကြသည်။ ထိုသင်္ဘောသည် ယခုအခါ အီတလီနိုင်ငံသို့ ဦးတည်ခုတ်မောင်းလျက်ရှိသည်။

***အမ်အင်အေ၊ရိုက်တာ။***




**တရုတ်နိုင်ငံ ပေကျင်းမြို့တွင် အစားအစာ အန္တရာယ်ကင်းရှင်းရေးအတွက် ကုန်တိုက်များတွင် စားသောက်ကုန်များအားစစ်ဆေးနေကြသည်ကို ဒီဇင်ဘာ၉ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*




**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ ဂုန်နီစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# ကမ္ဘာတွင် ငတ်မွတ်သူဦးရေ သန်း ၁၀၀၀ နီးပါးရှိလာဟု အက်ဖ်အေအို ပြောကြား

ရောမ ဒီဇင်ဘာ ၁၁

**စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာသဖြင့် ကမ္ဘာတစ်ဝန်းတွင် ငတ်မွတ်သူဦးရေ သန်း ၄၀ တိုးလာကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ (အက်ဖ်အေအို)က ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားသည်။**

ထို့အပြင် မဝတဝစားရပြီး အာဟာရချို့တဲ့သူ ဦးရေမှာလည်း ၉၆၃ သန်းအထိ တိုးမြင့်လာကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ဆင်းရဲမွဲတေမှုကို လျှော့ချမည်ဟု ကတိပြုမှုများ ရှိထားသော်လည်း သင့်တင့်သော အာဟာရပြည့်ဝသည့် အစားအစာကို စားသုံးနိုင်သူအရေအတွက်မှာ နည်းသည်ထက်နည်း၍ လာလျက်ရှိကြောင်း ဆက်လက်၍ ပြောကြားသည်။

အထူးသဖြင့် အာဟာရပြည့်ဝစွာ မစားသုံးရသော လူဦးရေသည် အာရှနှင့် အာဖရိကဒေသရှိ နိုင်ငံများတွင် ပို၍များပြားကြောင်း သိရသည်။ ကမ္ဘာ့အရန်ရိက္ခာ သိုလှောင်မှုကို ပြန်လည်မဖြည့်တင်းနိုင်ခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်းနှင့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းတို့ကြောင့် ငတ်မွတ်မှုအခြေအနေမှာ ပိုမိုဆိုးရွားလာရသည်ဟု စားနပ်ရိက္ခာအဖွဲ့ အကြီးအကဲ ဂျော့စတပ်စ်စတာမျူလစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကမ္ဘာ့စားသောက်ကုန် ဈေးနှုန်းများသည် ၂၀၀၆ခုနှစ်တွင် တစ်ရှိန်ထိုး မြင့်တက်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဇွန်လတွင် အမြင့်ဆုံးသို့ ရောက်ခဲ့သည်။ နောက်ပိုင်းတွင် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် စားသောက်ကုန်များ၏ဈေးသည် ပြန်လည်ကျဆင်းလာသော်လည်း အောက်တိုဘာလတွင် ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းသည် ယခင်နှစ်နှစ်က ဈေးနှုန်းထက် ၂၈ ရာခိုင်နှုန်း ပိုမိုမြင့်မားနေဆဲပင် ဖြစ်သည်ဟုဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ၂၀၀၉ ခုနှစ် ရော်ဘာကွန်ဖရင့် လာအိုတွင် ကျင်းပမည်

**ဟန်နွိုင်း ဒီဇင်ဘာ ၁၁**

အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)၏ ၂၀၀၉ ခုနှစ် ရော်ဘာကွန်ဖရင့်ကို လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ၂၀၀၉ ခုနှစ် ဇွန် ၁၈ ရက်မှ ၂၀ရက်အထိ ကျင်းပမည် ဖြစ်ကြောင်း ဒီဇင်ဘာ ၉ ရက်ထုတ် ဗီယန်ကျင်း တိုင်းမ်သတင်းစာတွင် ဖော်ပြသည်။

ထိုအစည်းအဝေးသို့ ၂၅ နိုင်ငံမှ မူဝါဒချမှတ်သူများသာမက ရော်ဘာစက်မှုလုပ်ငန်းကျွမ်းကျင်သူ ၇၀၀ နီးပါးလည်း တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ ရော်ဘာရောင်းလိုအားနှင့် ဝယ်လိုအားအခြေအနေ၊ သဘာဝပတ်ဝန်းကျင်မပျက်စီးစေဘဲရော်ဘာကို အစဉ်အဆက်စိုက်ပျိုး ထုတ်လုပ်နိုင်ရေး၊ အမြတ်အစွန်းရရှိစေမည့် သဘာဝရော်ဘာထုတ်လုပ်ရေး မဟာဗျူဟာ၊ ရော်ဘာလုပ်ငန်းငယ်များ ဖွံ့ဖြိုးရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းကောင်းစေမည့် ရော်ဘာနည်းပညာနှင့်၂၀၁၀ ပြည့်နှစ်အတွက် ရော်ဘာဈေးနှုန်း ခန့်မှန်းချက် စသည့်ကိစ္စများကို ရော်ဘာကွန်ဖရင့်တွင် ထည့်သွင်းဆွေးနွေးကြမည်ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ခရိုက်စလာ ကုမ္ပဏီနှင့် တရုတ်နိုင်ငံ၏ ချယ်ရီ ကုမ္ပဏီတို့ ပူးပေါင်း၍ မော်တော်ကားထုတ်လုပ်မည်

**ပေကျင်း ဒီဇင်ဘာ ၁၁**

ကမ္ဘာတွင် ဖြစ်ပေါ်လျက်ရှိသော စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်နိုင်ရန်အတွက် ခရိုက်စလာကားကုမ္ပဏီနှင့် တရုတ်ပြည်တွင်း ဈေးကွက်၌ အကြီးဆုံးကားကုမ္ပဏီဖြစ်သော ချယ်ရီကုမ္ပဏီတို့ ပူးပေါင်း၍ မော်တော်ယာဉ်ထုတ်လုပ်ရန် အစီအစဉ်ရှိကြောင်း ဒီဇင်ဘာ ၉ ရက်က ထွက်ပေါ်လာသော အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထိုကုမ္ပဏီနှစ်ခု ပူးပေါင်း၍ တရုတ်နိုင်ငံတွင် စရိတ်သက်သာသော ကားများထုတ်လုပ်ကာ အမေရိကန်ဈေးကွက်နှင့် ဥရောပဈေးကွက်တွင် ပြန်လည်ရောင်းချသွားမည်ဖြစ်သည်။ ထိုသို့ ရောင်းချရာ၌ ခရိုက်စလာကုမ္ပဏီ၏ တံဆိပ်ကိုအသုံးပြုပြီး ဒေါ်ချ်အမည်ဖြင့် ရောင်းချသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။ ***အင်တာနက်။***



**ဇင်ဘာဘွေနိုင်ငံတွင် ဝမ်းရောဂါဖြစ်ပွားလျက်ရှိရာ ကျန်းမာရေးလုပ်သားတစ်ဦး ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**ကြေးမုံ The Mirror ကျန်းမာရေးသတင်း**

# အိပ်ဇောငွေ့များကြောင့် ဒီဇယ်ယာဉ်မောင်းများတွင် ကင်ဆာရောဂါဖြစ်ပွားမှု ပိုမိုတွေ့ရှိရ

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၁၁**

ကုန်တင်ကားဖြင့် ကုန်ပစ္စည်းပို့ဆောင်သောကုမ္ပဏီမှ အလုပ်သမားများသည် အခြားအလုပ်သမားများထက် အဆုတ်ကင်ဆာ ပိုမိုဖြစ်ပွားလေ့ရှိသည်ဟု အမျိုးသားလေ့လာမှုအသစ်တစ်ရပ်က ဖော်ပြသည်။

၎င်းတို့အနေဖြင့် အဝေးပြေးလမ်းမများ၊ မြို့တွင်းလမ်းများနှင့် ကုန်တင်ကုန်ချပြုလုပ်သော ဆိပ်ကမ်းများတွင် မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များမှ ထွက်ရှိသောဒီဇယ်အိပ်ဇော အငွေ့များကို ပုံမှန်ရှူရှိုက် ထိတွေ့နေရသဖြင့် ယခုကဲ့သို့ ရောဂါဖြစ်ပွားမှုနှုန်း ပိုမိုနေခြင်းဖြစ်သည်ဟု ဆိုသည်။

ကုန်ပစ္စည်းနှင့် ချောစာထုပ်များ ပို့ဆောင်ရေးကုမ္ပဏီတွင် အလုပ်လုပ်နေကြသော ယာဉ်မောင်းများ၌ အဆိုပါရောဂါဖြစ်ပွားမှုနှင့် သေဆုံးရမှုနှုန်း အမြင့်မားဆုံးဖြစ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များ၏ လေ့လာချက်ကို ဒီဇင်ဘာ ၉ ရက်ထုတ် ဆန်ဖရန်စစ္စကို ခရောနီကယ်စာစောင်တွင် ဖော်ပြသည်။ ထို့အတူ ဆိပ်ကမ်းအလုပ်သမားများတွင်လည်း ယင်းရောဂါဖြစ်ပွားမှုမှာ အမြင့်ဆုံး အခြေအနေရှိသည်ဟု ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။ ၎င်းတို့သည် အလုပ်သမားပေါင်း ၃၁၃၁၅ ဦးအား လေ့လာသုတေသနပြုခဲ့ရာမှ ယခုကဲ့သို့ တွေ့ရှိခြင်းဖြစ်သည်ဟု ဆိုသည်။

ခရီးဝေးမောင်းနှင်သူများတွင် ၎င်းတို့၏ကားမှ ပြတင်းပေါက်များကို ပိတ်ကာမောင်းနှင်သဖြင့် အဆုတ်ကင်ဆာဖြစ်ပွားမှု နည်းပါးသော်လည်း ခရီးတိုယာဉ်မောင်းများမှာမူ ကားပြတင်းပေါက်များကိုဖွင့်ကာ မောင်းနှင်လေ့ရှိကြသဖြင့် ဒီဇယ်အိပ်ဇောငွေ့နှင့် ပိုမိုထိတွေ့ကြရသည်။ သို့ဖြစ်၍ ခရီးဝေးယာဉ်မောင်းများထက် ခရီးတိုယာဉ်မောင်းများက ပိုမို၍ ရောဂါအဖြစ်များခြင်းဖြစ်ကြောင်း ပညာရှင်များက သုံးသပ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# မျက်စိ၌အရေးပေါ် ဖြစ်တော့မည့် လက္ခဏာများ

ဒေါက်တာ ကံညွန့်

ကျောင်းနေဖက်သူငယ်ချင်း ဆရာဝန်မကြီး တစ်ဦးက သူ့သားလေးမျက်စိနာနေ၍ “ဘာဆေးခတ်ရမလဲ”ဟု တယ်လီဖုန်းဆက်၍ မေးပါသည်။ သူကိုယ်တိုင်ကလည်း ဆရာဝန်မကြီးတစ်ဦးဖြစ်နေ၍ မျက်စိနာရုံနှင့် ဆေးခန်းကို လာမပြခိုင်းတော့ဘဲ ပိုးသေဆေး (Antibiotic) မျက်စဉ်းတစ်ခုခုခတ်ရန် ညွှန်းလိုက်ပါသည်။ သို့သော် ၅ ရက်ခန့်ကြာသောအခါ မျက်စိမှာ အနည်းငယ်သာသက်သာ၍ ထူးထူးခြားခြားမရှိကြောင်း၊ သူ့ဆီမှာရှိသော Steroid, Cortisone ပါသော မျက်စဉ်းဆေးတစ်ခုခုကို ပြောင်းခတ်ရမလား ဟု မေးလာပြန်တော့သည်။

သို့နှင့် စာရေးသူက ၎င်းဆေးကိုတော့ မခတ်သင့်ကြောင်း၊ အဆင်မပြေက ပိုဆိုးသွားနိုင်ကြောင်း ပြောပြီး မေးစရာရှိသည်များကို မေးရပါတော့သည်။ မျက်စိနှစ်ဖက်စလုံး နာနေသလား၊ သို့မဟုတ် တစ်ဖက်ပဲဖြစ်နေသလား၊ ဖြစ်တဲ့ဘက်က မှုန်သွားသလား၊ မျက်စိမှေးသွားမလား၊ နေရောင်ထိုးရင် မျက်စိကျိန်းပြီး မျက်ရည်ပူတွေ ကျသလားစသဖြင့် မေးရပါတော့သည်။ သည်တော့မှ သူ့သားလေး မျက်စိနာကတည်းက တစ်ဖက်တည်းဖြစ်ကြောင်း၊ အမြင်မှာလည်း အနည်းငယ် မှုန်သွားကြောင်း၊ မျက်ရည်ပူတွေကျပြီး မျက်စိကျိန်းကာ အနည်းငယ် အောင့်လာကြောင်း ပြောပြပါတော့သည်။ကျွန်တော့်ထံ ချက်ချင်းလာပြရန် ပြောလိုက်ပါသည်။ ရောက်ရောက်ချင်းကြည့်လိုက်တော့ ထင်သည့်အတိုင်း ရိုးရိုးမျက်စိနာမဟုတ်ဘဲ မျက်ကြည်လွှာ အနာရောဂါ ဖြစ်နေပါတော့သည်။ ကံကောင်း၍ လာပြခိုင်းလိုက်လို့သာ တော်သေးသည်။ သူ့အမေပြောသော မျက်စဉ်းဆေးကိုသာ ခတ်ခိုင်းလိုက်ပါက အခြေအနေမှာ ပိုဆိုးသွားမည်ဖြစ်ပါသည်။ သို့နှင့် လိုအပ်သော စမ်းသပ်မှုများပြုလုပ်ပြီး သင့်တော်သော မျက်စဉ်းများကို ပေးလိုက်တော့မှ သက်သာသွားပါတော့သည်။

မျက်စိတွင် အရှေ့ခန်း၊ အနောက်ခန်းဟူ၍ရှိရာ အတွင်းမျက်နက်လွှာ(Iris)နှင့် မျက်စိအတွင်း မှန်ဘီလူး(Lens)တို့၏ အရှေ့ဘက်ကို မျက်စိအရှေ့ခန်း (Anterior Segment)ဟုခေါ်၍ ၎င်း၏နောက်ဘက် အခြမ်းကို မျက်စိ၏ အနောက်ခန်း(Posterior Segment) ဟု ခေါ်ပါသည်။

မျက်စိ၏ အရှေ့ခန်းတွင် ဖြစ်ပေါ်တတ်သည့် မျက်စိကွယ်စေနိုင်သည့် အရေးပေါ်မျက်စိရောဂါတို့မှာ မျက်ကြည်လွှာ အနာရောဂါ (Corneal Ulcer)၊ ရုတ်တရက် အတွင်းမျက်နက်လွှာ ရောင်ရမ်းသည့်ရောဂါ (Acate Iritis)၊ ထောင့်ကျဉ်း ရေတိမ်ရောဂါ(Angle Closure Glaucoma)နှင့် မျက်စိအရှေ့ခန်း သွေးယိုသောရောဂါ(Hyphaema)တို့ ဖြစ်ပါသည်။

ယင်းတို့အနက် ပထမဆုံး ဖော်ပြထားသည့် မျက်ကြည်အလွှာ အနာရောဂါမှာ နောက်ကျပါက ကုရခက်၍ ဒုက္ခအပေးဆုံး ရောဂါဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံ၌အဖြစ်များ၍ ကျေးလက်တောရွာနေ တောင်သူလယ်သမားများတွင် အများဆုံး ဖြစ်တတ်ပါသည်။ ထို့ကြောင့် စာရေးသူက

**တောင်သူလယ်သမားများအတွက်ကုရခက်၍ မျက်စိကိုချက်ချင်းကွယ်စေနိုင်သည်မှာ မျက်ကြည်လွှာ အနာရောဂါ** ဟု ဆောင်ပုဒ်ကလေးတစ်ခုပင် ရေးထားမိပါသည်။ ၎င်းရောဂါသည် မျက်စိ၌ အမှိုက်ဝင်ခြင်း၊ တစ်ခုခုနှင့်ခိုက်မိခြင်း၊ တောင်သူလယ်သမားများတွင် စပါးနှံရိုက်မိခြင်း၊ စပါးရိုးထိုးခြင်း၊ ရွှံ့မြေကြီး ဖုန်မှုန့်ဝင်ခြင်းတို့မှတစ်ဆင့် ဖြစ်ပေါ်တတ်သည်။ မျက်ကြည်လွှာအနာသည် ဘက်တီးရီးယား၊ ဖန်ဂျိုင်း၊ ဗိုင်းရပ်စ်၊ ပရိုတိုဇိုဝါစသည့် ရောဂါပိုးများကြောင့် ရုတ်တရက် ရောင်ရမ်းကာ၊ နီ၊ ကိုက်၊ မှုန်ခြင်းများ ဖြစ်ပေါ်လာတတ်ပါသည်။ ထို့ကြောင့် မျက်စိထဲသို့ အမှိုက်တစ်ခုခုဝင်လျှင် မျက်စိကိုချက်ချင်း သန့်ရှင်းသော ရေဖြင့်ဆေးကြောပြီး ပိုးသေဆေး Antibiotic မျက်စဉ်းတစ်ခုခုကို အမြန်ခတ်ပေးနိုင်ပါက သက်သာနိုင်ပါသည်။ ထိုသို့မဟုတ်ဘဲ ခိုးလိုးခုလုနေတိုင်း လက်နှင့်ပွတ်တိုက်ခြင်း၊ ပိုးသေဆေးသက်သက်မဟုတ်ဘဲ Cortisone Steroid ပါသော မျက်စဉ်းဆေးကို ခတ်ခြင်းတို့ လုပ်ပါက အခြေအနေမှာ ဆိုးရွားသွားနိုင်ပါသည်။ မျက်ကြည်လွှာ အနာရောဂါသည် ရောဂါဖြစ်ရသည့်ပိုးကို ဆရာဝန်နှင့် အတိအကျစမ်းသပ်ကာ သင့်တော်သောဆေးဝါး သုံးစွဲနိုင်ပါမှ ပျောက်ကင်းနိုင်သော ရောဂါဖြစ်ပါသည်။ သို့မဟုတ်ပါက မျက်စိတစ်ခုလုံး ရောင်ရမ်းကာမျက်စိထုတ်ပစ်ရသည့် အဆင့်သို့ ရောက်သွားနိုင်ပါသည်။

နောက်ရောဂါတစ်ခုဖြစ်သည့် မျက်စိအတွင်း မျက်နက်လွှာ ရောင်ရမ်းသည့်ရောဂါ (Acute Iritis) မှာ အသက်အရွယ်မရွေး ဖြစ်တတ်၍ အချိန်မီမကုနိုင်ပါက မျက်စိသူငယ်အိမ်ပေါက်ပိတ်၍လည်းကောင်း၊ မျက်စိအတွင်း ရောင်ရမ်း၍လည်းကောင်း Endophthalmitis ဖြစ်ကာ မျက်စိကွယ်စေနိုင်သော ရောဂါဖြစ်သည်။ ဆီးချိုရောဂါရှိသူ၊ အဆစ်အမြစ်ရောင်ရောဂါရှိသူ၊ လည်ပင်ရိုး၊ ခါးရိုးရောင်ရောဂါ (Anklylosing Spondylitis) ရောဂါရှိသူများနှင့် တခြားခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုတစ်ခုခုရှိသောသူများတွင် ပိုဖြစ်တတ်ပါသည်။ ၎င်းရောဂါဖြစ်လျှင်လည်း နီ၊ ကိုက်၊ မှုန်ခြင်းဖြစ်၍ နေရောင်စူးခြင်း၊ မျက်ရည်ပူကျခြင်းတို့ဖြစ်ကာ မျက်စိသူငယ်အိမ် ကျဉ်းသွားတတ်ပါသည်။ များသောအားဖြင့် တစ်ဖက်စီဖြစ်တတ်ပါသည်။ မျက်စိဆေးခန်းတစ်ခုခုတွင် အချိန်မီပြသကာ မျက်စိသူငယ်အိမ်ကျယ်စေတတ်သော (Atropine)ဆိုသော မျက်စဉ်းဆေးနှင့် မျက်ကြည်လွှာအနာရောဂါတွင် မသုံးရသည့် (Cortisone Steroid)ပါသော မျက်စဉ်းဆေးများကို အမြန်ခတ်နိုင်ပါမှ မျက်စိအမြင်အာရုံ ဆိုးရွားသွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်၍ အထူးသိထားသင့်သော ရောဂါတစ်ခုဖြစ်ပါသည်။

တတိယရောဂါဖြစ်သည့် ထောင့်ကျဉ်းရေတိမ်ရောဂါမှာ အသက် ၄၀-၅၀ အရွယ်ခန့်တွင် ဖြစ်တတ်၍ အထူးသဖြင့် အမျိုးသမီးများနှင့် စိတ်လှုပ်ရှားသူများတွင် အဖြစ်များတတ်ပါသည်။ အပေါင်းလက္ခဏာ မျက်မှန်တတ်ရသူများတွင် ပိုဖြစ်တတ်ပါသည်။ ဖြစ်လျှင်ဖြစ်ချင်း နီ၊ ကိုက်၊ မှုန် ဖြစ်ကာ ဇက်ထိုး၊ ခေါင်း ကိုက်၊ အော့အန်ခြင်းပါတွဲ၍ ဖြစ်တတ်ပါသည်။ ဤရောဂါမှာ အထက်မှဖော်ပြခဲ့သည့် မျက်စိအတွင်း မျက်နက်လွှာ ရောင်ရမ်းရောဂါနှင့် ဆန့်ကျင်ပြီး မျက်စိသူငယ်အိမ်ကျယ်သွားတတ်ပါသည်။ ထို့ကြောင့် မျက်စိသူငယ်အိမ်ကျဉ်းစေသည့် (Pilocarpine) ဆေးကို ခတ်ရပါသည်။ ဤရောဂါမျိုးတွင် ဒုတိယ ရောဂါဖြစ်သည့် မျက်စိအတွင်းရောင်ရောဂါတွင် ခတ်ရသည့် (Atropine) ခေါ် မျက်စိသူငယ်အိမ် ကျယ်စေသည့် ဆေးကိုခတ်လိုက်ပါက ပိုဆိုးသွားနိုင်ပါသည်။ ထိုရောဂါနှစ်ခုမှာ ရောဂါလက္ခဏာချင်း ဆင်တူဖြစ်၍ မျက်စိသူငယ်အိမ် အကျဉ်းအကျယ်ကို ကြည့်ရသဖြင့် မျက်စိဆရာဝန်များထံပြသ၍ ကုသမှုခံယူခြင်းကသာ အကောင်းဆုံးဖြစ်ကြောင်း သိကြစေလိုသည်။

မျက်စိအရှေ့ခန်းသွေးဝင်သည့်ရောဂါမှာ ထိခိုက်ဒဏ်ရာ တစ်ခုခုရ၍ ရုတ်တရက်ကွယ်သွားပြီး မျက်စိရေချိန်တက်ကာ မျက်စိနီခြင်း၊ ကိုက်ခြင်းဖြစ်တတ်ပါသည်။ ထိုသို့ သွေးဝင်နေခြင်းကို ကုသမှုမခံယူဘဲ ၁၀ ရက် ကျော်သွားပါက မျက်ကြည်လွှာအား သွေးစွန်းခြင်း (Blood Stained Cornea)ဖြစ်ကာ မျက်စိကွယ်စေနိုင်သည့် ရောဂါဖြစ်ပါသည်။

မျက်စိအနောက်ခန်းတွင် အရေးပေါ်ဖြစ်နိုင်သည့် ရောဂါများမှာ (၁)မျက်စိအနောက်ခန်းသွေးဝင်ခြင်း (Vitreous Haemorrhage)၊ (၂)မျက်စိအာရုံလွှာ ကွာကျခြင်း (Retinal Detachment)၊ (၃)မျက်စိအာရုံလွှာ သွေးလွှတ်ကြောပိတ်ခြင်း (C.R.A.O)၊ (၄) မျက်စိအာရုံလွှာသွေးပြန်ကြောပိတ်ခြင်း (CRVO)၊ (၅)မျက်စိအာရုံကြောရောင်ရမ်းခြင်း(Optic Neuritis) နှင့် သွေးကြောပိတ်ခြင်း (Ischaemic Optic Neuropathy) တို့ဖြစ်ပါသည်။ ၎င်းရောဂါများမှာ မျက်စိအရှေ့ခန်းတွင်ဖြစ်သည့်ရောဂါများကဲ့သို့ မျက်စိနီခြင်း၊ ကိုက်ခြင်းမရှိဘဲ ဖြစ်ပေါ်တတ်ပါသည်။

ပထမဆုံးရောဂါဖြစ်သည့် မျက်စိအနောက်ခန်း သွေးဝင်ခြင်းရောဂါမှာ သွေးတိုးရောဂါ၊ ဆီးချိုရောဂါရှိသူများတွင် ပိုဖြစ်တတ်၍ မျက်စိအမြင်တွင် အမျှင်တန်းများ၊ ဆံချည်ထွေးများ၊ အမှုန်အမွှားများ ပေါ်လာကာ မျက်စိရုတ်တရက် ကွယ်သွားတတ်ပါသည်။

ဒုတိယရောဂါဖြစ်သည့် မျက်စိအာရုံလွှာ ကွာကျသည့်ရောဂါမှာ ထိခိုက်ဒဏ်ရာရဖူးသူများ၊ အနုတ်လက္ခဏာ မျက်မှန်တပ်ရသူများ (Myopia) မျက်စိခွဲစိတ်ကုသမှု တစ်ခုခုခံယူထားသူများတွင် ပိုဖြစ်တတ်ပါသည်။ ထိုသို့အာရုံလွှာ ကွာမကျမီ လျှပ်စီးလက်သကဲ့သို့ မြင်ရခြင်း၊ ထိုသို့ လျှပ်စီးလက်ခြင်းသည် မျက်စိပိတ်ထားပါက ပိုမြင်ရခြင်း၊ အမှုန်များကျလာသကဲ့သို့ မြင်ရခြင်း၊ ဆံချည်ထွေးများ၊ ပင့်ကူမျှင်များ မြင်ခြင်းနှင့် မျက်စိမြင်ကွင်း၌ ခန်းဆီးလွှာ ကွာကျသကဲ့သို့မြင်ရခြင်းတို့ ဖြစ်ပေါ်တတ်ပြီး ထိုသို့ မြင်ရခြင်းများမှာ ပိုဆိုးလာကာ မျက်စိအာရုံလွှာ ကွာကျသောအခါ ကွာကျနေရာကိုလိုက်၍ မြင်ကွင်း တစ်ခြမ်း မမြင်ရခြင်း၊ မြင်ကွင်းတစ်ဝက်သာမြင်ရခြင်း၊ မျက်စိလုံးဝ ကွယ်သွားခြင်းတို့ ဖြစ်တတ်ပါသည်။

တတိယနှင့် စတုတ္ထရောဂါဖြစ်သည့် မျက်စိအာရုံကြောလွှာ သွေးပြန်ကြောနှင့် သွေးလွှတ်ကြောပိတ်ရောဂါတို့မှာ အသက်အရွယ်ကြီးပြီး သွေးတိုးနှင့် ဆီးချိုရောဂါရှိသူတွင် ပိုဖြစ်တတ်ပါသည်။ သွေးတိုးရောဂါရှိသူတို့တွင် ရုတ်တရက်သွေးတက်ခြင်းကြောင့် ပိုဖြစ်တတ်သဖြင့် သွေးတိုးရောဂါကို ထိန်းသိမ်းရန် လွန်စွာအရေးကြီးပါသည်။ ထိုသို့ဖြစ်ပါကရုတ်တရက် မျက်စိမှုန်သွားပြီး(CRAO)ခေါ် သွေးလွှတ်ကြောပိတ်ရောဂါတွင် မျက်စိအမြင် အာရုံအခြေအနေမှာ ပိုဆိုးပြီး (CRVO) ခေါ် သွေးပြန်ကြောပိတ်ရောဂါမှာ မျက်စိအမြင်အာရုံ ကျဆင်းသွားခြင်းမှာ မဆိုးလှဘဲ မြင်ကွင်း ကျဉ်းသွားတတ်ပါသည်။ ခေါင်းကိုက်ခြင်း၊ ဇက်ထိုးခြင်း၊ မျက်စိခဏတဖြုတ်မှုန်လိုက်၊ ပြန်မြင်လိုက်ဖြစ်ခြင်းတို့မှာ ၎င်းတို့၏ ရှေ့ပြေးလက္ခဏာများ ဖြစ်ပါသည်။

မျက်စိအနောက်ခန်း၏ နောက်ဆုံးရောဂါ ဖြစ်သည့် မျက်စိအာရုံကြောကြီး သွေးကြောပိတ်ခြင်း (Isehemic Optic neuropathy) ရောဂါမှာ အသက်အရွယ်ကြီးသူ၊ သွေးတိုးနှင့် ဆီးချိုရောဂါရှိသူတို့တွင် ပိုဖြစ်တတ်ပြီး ခေါင်းကိုက်၊ ဇက်ထိုးကာ အမြင်အာရုံကွယ်လိုက်၊ ကောင်းလိုက်ဖြစ်၍ တချို့လူများတွင် မည်သည့်ရောဂါ လက္ခဏာမှမပြဘဲ ဖြစ်တတ်ပါသည်။ အာရုံကြောရောင်ရမ်းသည့်ရောဂါ (Optic Nuritis)တွင် မျက်စိသည် အပေါ်ကြည့်၊ အောက်ကြည့်ပြုလုပ်ပါက အနည်းငယ်အောင့်ခြင်းမှလွဲ၍ ဘာရောဂါမှ မဖြစ်ဘဲ မျက်စိမှုန်သွားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မျက်စိအရှေ့ပိုင်းတွင် ဖြစ်တတ်သည့် ရောဂါများတွင် မျက်စိနာပါက နီခြင်း၊ ကိုက်ခြင်း၊ မှုန်သွားခြင်း ရှိ၊ မရှိကို သတိထားကြည့်၍ မျက်စိတစ်ဖက်သည် မှုန်သွားခြင်း၊ နေရောင်မကြည့်နိုင်ခြင်း၊ မျက်ရည်ပူကျခြင်း၊ ကိုက်ခဲခြင်း၊ အော့အန်ခြင်းတို့ဖြစ်ပါက အရေးပေါ် ဖြစ်တော့မည့်အကြောင်း သတိထားသင့်ပါသည်။

မျက်စိအနောက်ခန်းတွင်ဖြစ်တတ်သည့် ရောဂါများအတွက်မူ မျက်စိမြင်ကွင်းတွင် လျှပ်စီးအရောင်လက်ခြင်း၊ ဆံချည်မျှင်များ၊ အမှုန်အမွှားပိုးကောင်လေးများ မြင်ခြင်း၊ ထိုသို့မြင်ခြင်းသည် ခဏခဏ ဖြစ်နေခြင်း၊ ပိုဆိုးလာခြင်းနှင့် မျက်စိမှုန်သွားခြင်းတို့ပါ ပူးတွဲဖြစ်ပေါ်လာပါက မျက်စိ၌ အရေးပေါ် ဖြစ်တော့မည့်အကြောင်း သတိထားသင့်ကြပါသည်။

အသက်ကိုဉာဏ်စောင့်ဆိုသကဲ့သို့ ထိုသို့ဖြစ်ပေါ်လာပါက သက်ဆိုင်ရာမျက်စိဆေးရုံ၊ ဆေးခန်းများတွင် ပြသ၍ စောစီးစွာ ကုသမှုခံယူနိုင်မှသာ မျက်စိအမြင်အာရုံ ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ကြမည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁၂-၂၀၀၈ (သောကြာနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | ““မေတ္တာလွှမ်းခြုံ ဘေးရန်လုံ”” တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ) |
| ၈း၀၀ - ၂း၀၀ | စစ်ကိုင်းဂုဏ်တင်ဆွမ်းဦးပုညရှင် |
| ၈း၁၀ - ၂း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ - ၂း၁၅ | VJ Choice |
| ၈း၄၀ - ၂း၄၀ | Eternal Festival (အပိုင်း-၁) |
| ၉း၀၅ - ၃း၀၅ | သာယာချို့အေး(၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား) |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀- ၃း၃၀ | ELECTRICAL ပစ္စည်းများမှပြောသည် |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | Art Vision (ကံ့ကော်ရွာပန်းချီပြပွဲ) |
| ၁၀း၁၀ - ၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅ - ၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ - ၄း၂၀ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ ““ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း”” |
| ၁၀း၃၀ - ၄း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၄၀ - ၄း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ - ၄း၄၅ | ဖန်တီးသူ၏လက်မှုအနုပညာ |
| ၁၁း၁၅ - ၅း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၀ - ၅း၂၀ | အဆုံးအဖြတ် [ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော်၊ မျိုးမျိုးခိုင်၊ ကျောင်ဝှက်၊ သိန်းဇံ] (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၁၁း၃၅ - ၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ - ၅း၄၀ | လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား |
| ၁၂း၀၀ - ၆း၀၀ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ ““၉၉.၉”” |
| ၁၂း၂၅ - ၆း၂၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀ - ၆း၃၀ | ဓာတ်ပုံထဲမှအမှတ်တရများ ““သရုပ်ဆောင်အဆိုတော်ထွန်းထွန်း၏ ဓာတ်ပုံထဲမှ အမှတ်တရများ”” |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

The 7th Myanmar ICT Week 2008 Exhibition

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၀၀ | The 7th Myanmar ICT Week 2008 Exhibition ပြပွဲအစီအစဉ်များ | MRTV-4 |

## ရွှေဖုံးမှ

မြင်ကွင်းက အနီးရောက်မှ သဲကွဲသွားသည်။ အစိမ်းရောင် နှစ်ထပ်သစ်တောစိမ်းစိမ်းကြားမှ လက်ဖက်ခင်းစိမ်းစိမ်း။

ကြေးမုံသတင်းအဖွဲ့သည် ခေါင်ခမ်းကျေးရွာသို့ ရောက်ရှိခဲ့သည်။ ရှမ်းတိုင်းရင်းသားများ အများစုနေထိုင်ကြကာ တောင်ကုန်းတောင်စွယ်များ၌ လက်ဖက်ခင်းများ စိုက်ပျိုးကြပြီး မြေညီမြေပြန့်တွင် စပါးစိုက်ပျိုးကြကာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အေးချမ်းစွာ အသက်မွေးကြသော ကျေးရွာကလေးဖြစ်သည်။

ခေါင်ခမ်းကျေးရွာ၏မြောက်ဘက် တောင်စွယ်တောင်ကုန်းများပေါ်တွင် လက်ဖက်ခင်းများကို စိုက်ပျိုးထားကြသည်။ ဤဒေသ၏ လက်ဖက်ခင်းများသည် ရှမ်းပြည်နယ် ပင်လောင်း၊ သီပေါမြို့နယ်များရှိ လက်ဖက်ခင်းများနှင့် သဘာဝအားဖြင့် ခြားနားလျက် ရှိသည်ကို ဦးစွာ မြင်တွေ့ရသည်။

ဟုမ္မလင်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒု-ကြီးကြပ်ရေးမှူး ဒေါ်စုစုထွေးက မြန်မာနိုင်ငံတွင် လက်ဖက် စိုက်ပျိုးသည့် ဒေသများမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ခန့်နှင့် အထက်မြင့်မားသော ဒေသများဖြစ်သော်လည်း ဟုမ္မလင်းမြို့နယ်တွင်မူ ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၅၀၀ အမြင့်တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း။

လက်ဖက်စိုက်ပျိုးမှုမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀ ခန့်ကတည်းက စတင်ခဲ့ပြီး စားသုံးရာတွင်မက ရိုးရာယဉ်ကျေးမှု အခန်းကဏ္ဍတွင်လည်း အရေးပါခဲ့ကြောင်း၊ ရိုးရာပွဲများ၊အလှူမင်္ဂလာ၊လက်ထပ်မင်္ဂလာပွဲများတွင် လက်ဖက်ကျည်တောက်၊ လက်ဖက်ထုပ်များ ပေးကမ်းဝေငှသည့် ဓလေ့ကို ယနေ့တိုင်ကျင့်သုံးနေဆဲဖြစ်သည်မှာ ဤဒေသ၏ ထူးခြားချက်ဖြစ်ကြောင်း၊ ရှမ်းလူမျိုးများ၏ မင်္ဂလာကိစ္စတွင် လက်ဖက်သည် အရေးပါဆုံးဖြစ်ကြောင်း ဦးစွာ ရှင်းပြသည်။

ဆက်လက်၍ ဟုမ္မလင်းမြို့နယ်တွင် ၂၀၀၇-၂၀၀၈ ခုနှစ်၌ လက်ဖက်စိုက်ဧက ၇၀၀၀ ကျော်ရှိပြီး ချင်းတွင်းမြစ်ဘေး ဝဲ၊ယာ ကျေးရွာအုပ်စုများဖြစ်သည့် ထမံသီ၊ မိုင်းဝယ်၊ နောင်ပင်၊ အုန်းဘက်၊ နောင်ရင်း၊ မိုင်းတောင်း၊ တဖုံး၊ မောင်းခမ်း၊ ပေပင်၊ ပုတ်သို၊ ကောယား၊ ထိန်ကင်း၊ ဟင်နောင်၊ ခေါင်ခမ်း ကျေးရွာများတွင် အများဆုံး စိုက်ပျိုး၍ ချင်းတွင်းလက်ဖက် (သို့) အညာလက်ဖက်ဟုခေါ်ကြကြောင်း။

ဟုမ္မလင်းလက်ဖက်ခြောက်သည် အရောင်အဆင်းကောင်းကာ ခါးသက်၍ ချိုသောအရသာရှိကြောင်း၊ စိုက်ပျိုးရာတွင်လည်း ဒေသရေမြေသဘာဝအထောက်အပံ့ဖြင့် ဖြစ်ထွန်းအောင်မြင်ပြီး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှု မရှိသလောက်နည်းပါးကြောင်း၊ ထုတ်လုပ်ရာတွင်လည်း ရိုးရာနည်းများကို အသုံးပြုပြီး ကာလကြာရှည်စွာ ထိန်းသိမ်းနိုင်သော နည်းစနစ်ဖြစ်သည့် အိုးဖြင့် လှောင်ခြင်း၊ ဝါးကျည်တောက်ဖြင့် ထည့်ခြင်းများဖြင့် သိုလှောင်အသုံးပြုကြကြောင်း ရှင်းလင်းပြောကြားသည်။

ဟုမ္မလင်းမြို့နယ်မှ လက်ဖက်စိုက်တောင်သူတစ်ဦး၏ ပျမ်းမျှစိုက်ဧကမှာ ၂ဒသမ ၇၉ဧကရှိပြီး လက်ဖက်စိုက် တောင်သူတစ်ဦးသည် အနည်းဆုံး ၀ ဒသမ ၂၀ ဧက ပိုင်ဆိုင်ကာ အများဆုံးအဖြစ် ၃၆ ဒသမ ၈၂ဧကအထိ ပိုင်ဆိုင်ကြကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်းများစွာ (နှစ် ၃၀၀) ကတည်းက စိုက်ပျိုးထားခဲ့သော စိုက်ခင်းများဖြစ်၍ သမားရိုးကျ စိုက်ပျိုးထားခြင်းကြောင့် တစ်ဧကပျမ်းမျှအပင် ဝင်ဆံ့မှုမှာ ၃၀၀၀ ခန့်သာရှိကြောင်း၊ ဒေသခံ တောင်သူများအနေဖြင့် မျိုးစေ့ကို ပျိုးထောင်စိုက်ပျိုးခြင်းမရှိဘဲ အစေ့ချ စိုက်ပျိုးမှုကိုသာ အများဆုံး အသုံးပြုကြကြောင်း၊ လက်ဖက်သီးရင့်ချိန် သီတင်းကျွတ်လမှ တန်ဆောင်မုန်းလ (အောက်တိုဘာ၊ နိုဝင်ဘာ)လများအတွင်း မျိုးစေ့ရယူပြီး လက်ဖက်ခင်းပေါင်းရှင်းချိန် တန်ဆောင်မုန်းလအတွင်း တစ်ပြိုင်နက် စိုက်ပျိုးကြကြောင်း။

ဟုမ္မလင်းမြို့နယ်အား စစ်ကိုင်းတိုင်း၏ လက်ဖက်အထူးဇုန်အဖြစ် ၂၀၀၀-၂၀၀၁ ခုနှစ်တွင် သတ်မှတ်ခဲ့ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် လက်ဖက်စိုက်ပျိုးသူ တောင်သူများအား စိုက်ဧကတိုးချဲ့စိုက်ပျိုးလာစေရေး၊ လက်ရှိ လက်ဖက်ခင်းများအား သက်တမ်းအလိုက် ကိုက်ညီသော အကိုင်းဖြတ်နည်းစနစ်များ အသုံးပြု အကိုင်းဖြတ်ပြုပြင်ခြင်း၊ အပင်ဖြည့်စွက် စိုက်ပျိုးခြင်း၊ ပေါင်းရှင်းခြင်း၊ အစိုဓာတ်ထိန်းသိမ်းခြင်း အရိပ်ပင်များ ထိန်းသိမ်းခြင်း နည်းစနစ်များ ပညာပေးဆောင်ရွက်ခဲ့ကြောင်း။

စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြေရိုင်းများ ရှာဖွေဖော်ထုတ်ပေးခြင်း၊ မျိုးစေ့များ ဖြန့်ဖြူးပေးခြင်း၊ ပျိုးပင်များ ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၀၇-၂၀၀၈ စိုက်ပျိုးရာသီတွင် မျိုးစေ့ တင်း ၁၀၀၊ ပျိုးပင် ၁၂၀၀၀၀ ဖြန့်ဖြူးပေးခဲ့ကြောင်းဖြင့် ပြောကြားသည်။

ဟုမ္မလင်းမြို့နယ်တွင် အာသံလက်ဖက်မျိုး(Camellia assamica)ကို အဓိကစိုက်ပျိုးပြီး လက်ဖက်စို၊ လက်ဖက်ခြောက်နှင့် အချိုခြောက်များ ပြုလုပ်ကြကြောင်း၊ လက်ဖက်တောင်သူတိုင်းတွင် တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်သော လက်ဖက်ပေါင်းအိုးမီးဖိုများ ရှိကြကြောင်း၊ ခေါင်ခမ်းကျေးရွာတွင် လက်ဖက်ခြောက်စက်ရုံရှိပြီး နှစ်စဉ် လက်ဖက်ခြောက်ပိဿာ (၁၅၀၀၀-၂၀၀၀၀)အထိ ထုတ်လုပ်ကြောင်း၊ ပန်းရနံ့အမျိုးမျိုးဖြင့် ပန်းကူး လက်ဖက်ခြောက်များလည်း ထုတ်လုပ်ကြောင်း၊ ဟုမ္မလင်းမြို့နယ်ထွက် လက်ဖက်ခြောက်၊ လက်ဖက်စိုများကို နီးစပ်ရာမြို့များနှင့် မုံရွာ၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ မြို့နယ်လက်ဖက်အထွက်စုစုပေါင်း၏ ထက်ဝက်ကို ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ဟုမ္မလင်းမြို့နယ်ရှိ လက်ဖက်စိုက်ခင်းများကို အမြဲနုပျိုနေစေရန် အပင်ပုံသွင်း ပြုပြင်ပေးခြင်း၊ တစ်ဧက အပင်ရေ ပြည့်မီစေရန် ဖြည့်စွက်စိုက်ပျိုးပေးခြင်း၊ တောရိုင်းမြေများကို ခုတ်ထွင်ရှင်းလင်းကာ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် တိုးချဲ့စိုက်ပျိုးခြင်း၊ အရည်အသွေးကောင်း လက်ဖက်ထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီနည်းပညာများ အသုံးပြုရေးလုပ်ငန်းများကို တောင်သူများအား စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြို့နယ်တွင်းသာမက နယ်စပ်ဒေသမြို့နယ်များဖြစ်သည့် လေရှီးနှင့် လဟယ်မြို့နယ်များတွင်ပါ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း ကျယ်ပြန့်လာစေရေးအတွက် မျိုးစေ့များ ပံ့ပိုးပေးကာ ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းမှုကို အဆုံးသတ်သည်။

ကြေးမုံသတင်းအဖွဲ့သည် ခေါင်ခမ်းရွာမှ လက်ဖက်တောင်သူတို့ လုပ်ငန်းခွင်ဝင်ရာသို့လည်း အရောက်လှမ်းခဲ့သည်။ ရင်တစ်တိုက်ခန့် လက်ဖက်ပင်စို ဖားဖားများက စိမ်းသော သစ်ရိပ်အောက်တွင် မို့မို့မားမား၊ ပြိုးပြက်နေသော နေခြည်တန်းတို့က အစိမ်းပေါ်တွင် ရွှေရောင်ရက်ဖောက်ထားသည့်နှယ်။ သစ်တောတွင်းမှ လက်ဖက်ခင်းကို ပထမဦးဆုံး အကြိမ် မြင်ဖူးရခြင်းပင်။

လိုအပ်သော အရိပ်ရပင်ဟူသော စကားရပ်နှင့် လက်ဖက်ခင်းကို တွဲမြင်လိုက်ရသည်။ ရိုးရာ သမားရိုးကျနည်းဖြင့် စိုက်ပျိုးခဲ့သော သက်တမ်းရင့် လက်ဖက်ခင်းအတွင်း လုပ်ငန်းခွင်ဝင်နေကြသည်ကား လုံမေ သို့မဟုတ် လုံမေကြီးတို့ပါတကား။

ကြေးမုံသတင်းအဖွဲ့က လက်ဖက်ပင်တွေက သက်တမ်းရင့်လှပါပကောဟု ဆိုရာတွင် လက်ဖက်ပင်တင် သက်တမ်းရင့်တာမဟုတ်။ လူလည်း သက်တမ်းရင့်ပဟု အရွှမ်းဖောက်သူမှာ ခေါင်ခမ်းကျေးရွာမှ လက်ဖက်တောင်သူ ဒေါ်သောင်းရှိန်ဖြစ်သည်။

ဒေါ်သောင်းရှိန်က ကျွန်မမှာ လက်ဖက်ခင်း သုံးဧက ရှိပါတယ်။ ဘိုးဘွားလက်ထက်ကတည်းက စိုက်ခဲ့တဲ့ အခင်းပါ။ ဒီလက်ဖက်ခင်းနဲ့ပဲ ဝမ်းကျောင်းခဲ့တာပါ။ ကလေးတွေ ကျောင်းထားနိုင်တာလည်း ဒီလက်ဖက်ခင်းက ဝင်ငွေနဲ့ပဲပဲဟု တိုတိုနှင့်ထိထိ ဆိုပါသည်။

ဆက်လက်၍ ဒီတစ်ဝိုက်မှာ တာပတောင်း၊ နားသဲ၊ ပါပလုံရွာတွေ တစ်ဆက်တည်းပဲ၊ လက်ဖက်ခင်းတွေလည်း ဆက်နေတာပေ့ါ။ လက်ဖက်ခူးတာကတော့ တပေါင်းလကနေ တန်ဆောင်မုန်းလအထိပါ၊ တပေါင်း၊ တန်ခူးနဲ့ ကဆုန်လတွေမှာတော့ အထွက်နည်းပေမယ့် ရွက်နု (ရွှေဖိမိုးလွတ်)ရတယ်၊ လူတစ်ဦး တစ်နေ့ ငါးပိဿာ၊ ခြောက်ပိဿာလောက် ခူးနိုင်ပါတယ်။ နယုန်၊ ဝါဆို၊ ဝါခေါင်နဲ့ တော်သလင်းလတွေမှာတော့ အထွက်ပိုပါတယ်၊ အဲဒီအချိန်ဆို လူတစ်ယောက် အချိန် ၁၀ လောက် ခူးနိုင်တာပေ့ါ၊ တစ်လကို သုံးကြိမ်လောက်ခူးရတယ်၊ ဒီရွာမှာ အိမ်ခြေ ၁၀၀လောက်ရှိမယ်၊ အကုန်လက်ဖက်နဲ့မကင်းဘူး၊အရင်းမရှိသူက လက်စားလိုက်ခူး၊ နေ့စဉ်ခူးရတာရဲ့ အလေးချိန် ထက်ဝက်ပေးရတယ်၊ သီတင်းကျွတ်နဲ့ တန်ဆောင်မုန်းလတွေမှာတော့ အထွက်အနည်းဆုံးပါပဲဟု ဆိုသည်။

ကြေးမုံနှင့်တွေ့ဆုံသူနောက်တစ်ဦးမှာ ဒေါ်ပွဲမေဖြစ်သည်။

ဒေါ်ပွဲမေမှာလည်း ခေါင်ခမ်းရွာသူ လက်ဖက်ခင်းရှင် ဖြစ်သည်။ ကျွန်မမှာ လက်ဖက်ခင်း နှစ်ဧကရှိပါတယ်။ ကိုယ့်အခင်းက အလုပ်ပြီးရင် အခြားခင်းများမှာ လက်ဖက်ခူးပါတယ်။ နေ့စဉ် အခင်းထဲရောက်ပါတယ်၊ လက်ဖက်ခူးစရာမရှိရင် ပေါင်းရှင်း၊ ကိုင်းဖြတ်နဲ့ မအားရပါဘူး၊ ပိုးမကျ၊ မြေဩဇာမကျွေးရဆိုတော့ အပျက်အစီးနဲ့ အကုန်အကျသက်သာပါတယ်၊ ဒီဒေသက အပူက များလွန်းတဲ့အခါဆိုတော့ လက်ဖက်ခင်းတွေမှာ လောင်းက လိုပါတယ်၊ နေအထိများရင် လက်ဖက်ရွက်တွေ ကြမ်းတမ်းတတ်ပါတယ်၊ ဒါကြောင့် အရိပ်ရပင်တွေကို လက်ဖက်ခင်းမှာ တွေ့ရတာပါဟု ဆိုသည်။

ဒေါ်အေးတင်မှာ လက်ဖက်ပွဲစားဖြစ်ပြီး ကြေးမုံအဖွဲ့နှင့် နောက်ဆုံးတွေ့ဆုံခဲ့သူဖြစ်သည်။ ဒေါ်အေးတင်က ကျွန်မက ရွာပွဲစားပါ၊ ရွာမှာပဲ အခြေချပါတယ်။ ဝယ်ယူရရှိတဲ့ လက်ဖက်စို၊ ခြောက်တွေကို ဟုမ္မလင်းမြို့ပေါ်က ကုန်သည်တွေဆီ တစ်ဆင့် ပြန်ရောင်းတာပါ၊ အခုရာသီ အရောင်းအဝယ်ပါးတော့ အခင်းထဲလိုက်ပြီး ကူညီလုပ်ကိုင်ပေးပါတယ်။ ခင်ရာမင်ရာပေ့ါလေ၊ ဒီရာသီမှာက လက်ဖက်စို/ခြောက်ဈေး အနိမ့်ဆုံးပါ၊ တပေါင်းနှင့် တန်ခူးလများတွင် ထွက်သည့် လက်ဖက်စိမ်း လေးပိဿာလျှင် လက်ဖက်ခြောက်(အခါး)တစ်ပိဿာ (သို့) အချိုခြောက် တစ်ပိဿာခန့် ထွက်ပြီး ဝါဆို၊ ဝါခေါင်လများတွင် ထွက်ရှိသော လက်ဖက်စိမ်း ငါးပိဿာလျှင် အခါးခြောက် တစ်ပိဿာ သို့မဟုတ် အချိုခြောက် တစ်ပိဿာခန့် ထွက်ပါတယ်။ လက်ဖက်ရွက်စိမ်းတစ်ပိဿာကို ရေနွေးငွေ့ဖြင့်ပေါင်းပြီး လက်ဖက်စိုပြုလုပ်လျှင် လက်ဖက်စိုတစ်ပိဿာ ရရှိကြောင်း ပြောကြားသည်။

ဟုမ္မလင်းမြို့နယ်အတွင်း လက်ဖက်စိုက်ဧက နှစ်စဉ် တိုးတက်လျက်ရှိရာ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် လက်ဖက်စိုက်ဧက ၇၁၇၈ ဧက ရှိလာခဲ့ပြီဖြစ်သည်။ လက်ဖက်စိုက်တောင်သူ ၁၉၀၀ ကျော်ရှိပြီး လက်ဖက်စိုက် တောင်သူအများစုမှာ လယ်ယာစိုက်ပျိုးခြင်း၊ အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ဖြင့် တစ်ဖက်တစ်လမ်းမှ တွဲဖက်လုပ်ကိုင်နေကြပြီး စိုက်ပျိုးထွက်ကုန်မြှင့်တင်ခြင်းဖြင့် ဝင်ငွေတိုးတက်ရှာဖွေကာ ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုနေသည်ကို အားရဖွယ် မြင်တွေ့ခဲ့ရပါသည်။ ။



ဒီလက်ဖက်ခင်းနဲ့ပဲ ဝမ်းကျောင်းခဲ့တာပါ။ ကလေးတွေ ကျောင်းထားနိုင်တာလည်း ဒီလက်ဖက်ခင်း ဝင်ငွေနဲ့ပါပဲ။
(ဒေါ်သောင်းရှိန်-ခေါင်ခမ်းကျေးရွာ)

လောင်းပင်လောင်းရိပ်အောက်မှ သန်မာစွာဖြစ်ထွန်းနေသော လက်ဖက်ခင်း၏ မြင်ကွင်းတစ်စိတ်တစ်ဒေသ။



## ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထား

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဧရာဝတီမြစ်ကူး ဧရာဝတီတံတား (မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁)နှင့် (၂)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ဧရာဝတီမြစ်ရေ ဆက်လက်ကျဆင်းလာသဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဒီဇင်ဘာ ၅ ရက်မှ စတင်၍ အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁) နှင့် (၂)အကြားမှ ပြောင်းလဲဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ (၈၅)မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် (၁၇)မီတာ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့မြင် အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ ခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန် ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် "ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန"က ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အတည်ပြုချိန် ၂း၂၀

## ဆေးတက္ကသိုလ်(၁)(ရန်ကုန်) ၁၉၈၄ ခုနှစ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဆေးတက္ကသိုလ်(၁) (ရန်ကုန်)မှ ၁၉၈၄ ခုနှစ်တွင် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၀ ရက် (စနေနေ့)တွင် ကျင်းပနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖြစ်သည့် ဒေါက်တာကြည်မင်း ဖုန်း-၀၉၅၁-၅၅၂၄၇၊ ဒေါက်တာခင်မောင်ထွေး ဖုန်း - ၀၉၈၀၃၁၈၄၅၊ ဒေါက်တာဖုန်းမြင့် ဖုန်း-၀၉၈၀-၃၃၉၉၅၊ ဒေါက်တာအက်ဒွပ်ဇံ ဖုန်း-၀၉၅၁၉၁၉၀၇၊ ဒေါက်တာဥမ္မာကျော် ဖုန်း-၀၉၅၁၇၂၂၆၁၊ ဒေါက်တာမောင်မောင်ထွေး ဖုန်း-၀၉၅၁ ၀၉၆၄၂၊ ဒေါက်တာကျော်ဝင်း(တောင်ကြီး) ဖုန်း - ၀၉၅၀ ၁၃၄၀၁နှင့် ဒေါက်တာမြင့်စိုး ဖုန်း-၀၉၅၀ ၂၀၃၇၁တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ပဲခူးတိုင်း ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# ပဲခူးတိုင်း ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

**ပဲခူးတိုင်း ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း တက်ရောက် အမှာစကားပြောကြားသည်။**

ယင်းနောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကာတွန်းနှင့် ပန်းချီ၊ ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူတို့က ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများ၊ ပိုစတာများ၊ ဆုရစာစီစာကုံးနှင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍တိုင်းမှူးဗိုလ်မှူးချုပ်လှမင်းသည် ပဲခူးမြို့ ပန်းခြံကုန်းလမ်းအား ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဆံတော်တွင်းလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းပခုံး ဂဝံကပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း ချဉ်းကပ်လမ်း ဖောက်လုပ်နေမှုများ၊ တံတား တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကာ ပဲခူးမြို့ ကံထူးရိပ်သာလမ်းအား ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ပဲခူးမြို့ မြန်စတား အထည်ချုပ်စက်ရုံ၌ အထည်ချုပ်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ ပဲခူးမြို့ တိုင်းအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား လေးခရိုင် အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက် အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ✡ ဆိုလာမှ

သူ၏စွမ်းဆောင်မှုသည် ရေနံကိုအခြေခံ၍ ထုတ်လုပ်သောလောင်စာဆီ၏နေရာတွင် အစားထိုးအသုံးပြုရန် နေရောင်ခြည်စွမ်းအင်သည် အလားအလာရှိကြောင်း သက်သေသာဓကပြလိုက်ခြင်းဖြစ်သည်ဟု သူကပြောသည်။ ၎င်းအပြင် ကမ္ဘာကြီးပူနွေးလာခြင်းကို ခုခံတိုက်ခိုက်ရာတွင်လည်း ကူညီခြင်းမည်သည်ဟု ထပ်မံဆိုပါသေးသည်။

ဤကားမျိုးကို အလုံးအရင်းနှင့် မထုတ်လုပ်မီမှာ ဤရှေ့ပြေးပုံစံကို အရေးပါသော ပြုပြင်မွမ်းမံမှုများပြုလုပ်ရန် လိုအပ်သေးကြောင်း သူကရှင်းပြသည်။

သူ၏ အပြာနှင့်အဖြူစပ်ကျားသုံးဘီးကားငယ်လေးသည် နေရောင်ခြည်ဖြင့် အားသွင်းသော ဘက်ထရီများအပြည့်တင်ထားသည့် နောက်တွဲယာဉ်တစ်တွဲကိုလည်း ချိတ်ထားသည်။ တစ်ကြိမ်အားသွင်းထားလျှင် ကီလိုမီတာ ၃၆၀ မောင်းနိုင်ပြီး အရှိန်မှာတစ်နာရီလျှင် ၉၉ ကီလိုမီတာအထိ ရနိုင်သည်။

မစ္စတာ ပါးလ်မားက သူ၏ကားသည် ဆွစ်နာရီတစ်လုံးကဲ့သို့ ပြေးနိုင်ပါသည်ဟုပြောသည်။ ၂၀၀၇ ခုနှစ် ဇူလိုင်လအတွင်း လူစားနီးမှ စတင်ခဲ့သော ၃၈ နိုင်ငံ ဖြတ်သန်းသည့် ကြမ်းတမ်းခက်ခဲလှသော ခရီးမှာ သူ့ကားလေးသည် နှစ်ကြိမ်မျှသာပျက်သည်ဟု ဆိုသည်။

သူ၏ ခရီးသည်များတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ မိုနာကိုမင်းသား အဲလ်ဘတ်၊ ဟောလီးဝုဒ်မှ ရုပ်ရှင်ထုတ်လုပ်သူ ဂျိမ်းကင်မရွန်း၊ နယူးယောက်မြို့တော်ဝန် မိုက်ကယ်ဆလွန်းဘတ်နှင့် ဆွိဒင်ဝန်ကြီးချုပ် ဖရက်ဒရစ်ရိမ်းဖက်တို့ ပါဝင်ကြကြောင်း သူကကြွားသည်။

ထို့ကားသည် နေရောင်ခြည်စွမ်းအင်ဖြင့် မောင်းသည်ဆိုသော်လည်း မစ္စတာပါးလ်မားတွင် ရိုးရိုးဘက်ထရီတစ်လုံးလည်း ပါပါသည်။ ညအချိန်သို့မဟုတ် ပိုလန်နိုင်ငံ၏ ဆောင်းရာသီကဲ့သို့ နေရောင်ခြည်နည်းပါးသော အချိန်များတွင် အသုံးပြုရန်ဖြစ်သည်။ ဤဘက်ထရီကိုတော့ ရောက်ရာအရပ်မှာ အားသွင်းနိုင်သည်။

မစ္စတာပါးလ်မားက ယခုအိမ်ပြန်ရန် စီစဉ်နေကြောင်း၊ သူ၏မိခင်အား ခရစ္စမတ်ပွဲတော်အမီ ပြန်လာခဲ့ပါမည်ဟု ကတိပေးထားခဲ့ကြောင်း ပြောသည်။

***အင်တာနက်။***

## နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ခေတ်မီစက်ကိရိယာများဖြင့် နှလုံးရောဂါ စမ်းသပ်ကုသပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နှလုံးသွေးကြောအတွင်း စစ်ဆေးမှု ဓာတ်မှန် (Cardiae cath) အသုံးပြု၍ နှလုံးသွေးကြောပိတ်ရောဂါ စမ်းသပ်စစ်ဆေးကုသမှုကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး နှလုံးသွေးကြောပိုက်ထည့်စမ်းသပ်ခန်း၌ နှလုံးသွေးကြောအတွင်း စစ်ဆေးမှုဓာတ်မှန်အသုံးပြု၍ နှလုံးရောဂါ အထူးကုဌာန နှလုံးဆေးကုသဌာန ပါမောက္ခ ဒေါက်တာတင်လတ်ဦးဆောင်ကာ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ ပူးပေါင်း၍ အသက်(၆၁)နှစ်ရှိ နှလုံးသွေးကြောကျဉ်းရောဂါလူနာ ဦးဖိုးထွေးအား စမ်းသပ်စစ်ဆေးကုသသည်။

အဆိုပါ စမ်းသပ်စစ်ဆေးကုသမှုကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုအားပေးပြီး ထိန်းချုပ်ခန်း၌ ကွန်ပျူတာအသုံးပြု၍ ထိန်းချုပ်မှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် အထူးကြပ်မတ်ကုသခန်း (Intensive Care Unit)သို့ သွားရောက်၍ လူနာများအား အထူးကြပ်မတ် ကုသပေးမှု၊ အရေးပေါ် အဓိကလိုအပ်သည့်ဆေးဝါး၊ ခေတ်မီစက်ပစ္စည်းကိရိယာများ ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကုသပေးလျက်ရှိ**

နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် အထူးကုဌာနများ၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်းနှင့် နှလုံးသွေးကြောအတွင်း စစ်ဆေးမှုဓာတ်မှန်ကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အထူးကု ဆရာဝန်ကြီးများနှင့် ခေတ်မီစက်ပစ္စည်းကိရိယာများ အသုံးပြုကာ ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ❍ ကျော်ဖုံးမှ

ငွေတံဆိပ်တစ်ခုကို အမျိုးသမီးပြိုင်ပွဲမှ လှလှစန်းတို့က ဆွတ်ခူးရယူပေးကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲပထမနေ့အပြီးတွင် အိမ်ရှင်မြန်မာက ရွှေနှစ်ခု၊ ငွေတစ်ခု၊ အိန္ဒိယက ငွေတစ်ခု၊ ကြေးနှစ်ခုဆွတ်ခူးရရှိထားသည်။ အမျိုးသား မီတာ ၇၀ မြား ၇၂ ချောင်း တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် မြန်မာမှ ရဲမင်းဆွေက ၆၈၇ မှတ်ဖြင့် ရွှေတံဆိပ်၊ အိန္ဒိယမှ Amarinder က ၆၇၆ မှတ်ဖြင့် ငွေတံဆိပ်၊ အိန္ဒိယမှ Ch Lenin က ၆၇၁ မှတ်ဖြင့် ကြေးတံဆိပ်တို့ ရရှိခဲ့ပြီး ကစားသမား ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အမျိုးသမီး မီတာ ၇၀ မြား ၇၂ ချောင်း တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် မြန်မာမှ အောင်ငြိမ်းက ၆၆၃ မှတ်ဖြင့် ရွှေတံဆိပ်၊ မြန်မာမှ လှလှစန်းက ၆၄၉ မှတ်ဖြင့် ငွေတံဆိပ်၊ အိန္ဒိယမှ Monveer Kour က ၆၁၁ မှတ်ဖြင့် ကြေးတံဆိပ်တို့ကို ဆွတ်ခူးရရှိခဲ့ကြသည်။ ယင်းအမျိုးသမီးပြိုင်ပွဲကို ကစားသမား ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွှေတံဆိပ်ရရှိခဲ့သော ရဲမင်းဆွေ၏ ရမှတ်မှာ ပြိုင်ပွဲဝင် အားလုံးတွင် အကောင်းဆုံး ရမှတ်ဖြစ်ခဲ့ပြီး အောင်ငြိမ်း၏ ရမှတ်မှာလည်း အမျိုးသမီးပြိုင်ပွဲဝင် ကစားသမားများထဲတွင် အကောင်းဆုံး ဖြစ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲများကိုလည်း ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

## ငါးလုပ်ငန်းအဖွဲ့ချုပ်၌ နှစ်ပတ်လည်အစည်းအဝေးများ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ငါးရှဥ့်လုပ်ငန်းရှင်များအသင်းနှင့် အလှမွေး ငါးလုပ်ငန်းရှင်များအသင်းတို့၏ နှစ်ပတ်လည် အစည်းအဝေးများကို ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၁၂-၂၀၀၈ (သောကြာနေ့)**

**(၁၃၇၀ပြည့်နှစ်၊ နတ်တော်လပြည့်နေ့)(ဥပုသ်နေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အဆိုပြိုင်ပွဲ
၈:၀၀ ၆။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၂၀ ၇။ အကပြိုင်ပွဲ
၈:၄၀ ၈။ International News.
၈:၅၀ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အကပြိုင်ပွဲ
၄:၂၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၄၅ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၄:၅၀ ၇။ မြန်မာစာ၊မြန်မာစကား
၅:၁၀ ၈။ နှောင်းခေတ် တေးပဒေသာ
၅:၂၀ ၉။ တီးကွက်ညီညာ ညွှန့်သံသာ(၁)
၅:၃၅ ၁၀။ **"ပေါင်ပေါ်ကျတဲ့မီး" (ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ -မောင်မောင်မြင့်၊ မင်းအုပ်စိုး)**
၅:၄၅ ၁၁။ မူဟန်သွယ်သွယ် ဆိုကြမယ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၄၀ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၂၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၃၄)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၅၄)**
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၂၁။ အစီအစဉ်ပြီး၏။

## ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

၁၉၈၂ ခုနှစ်တတိယနှစ်၊ ၁၉၈၃ ခုနှစ် စတုတ္ထနှစ် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူများ၏ ငွေရတုအထိမ်းအမှတ် ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် (WAA ယခင်KYK)စားသောက်ဆိုင် (သူငယ်ချင်း ကိုဉာဏ်ဝင်း - မသန္တာအေးဆိုင်) အမှတ်-၁၆ ဦးထွန်းငြိမ်းလမ်းနှင့် ပါရမီလမ်းထောင့် ချော်တွင်းကုန်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ကိုအောင်မိုး-မမူမူရှိန် ဖုန်း - ၂၂၅၃၀၇၊ ၂၂၈၅၇၅၊ ကိုကျော်ဦးလွင်-မခင်ဝါဇော် ဖုန်း-၃၈၆၅၉၆၊ ကိုထိန်ဝင်း-မအေးအေး ဖုန်း - ၀၉၅၀၁၇၀၇၁၊ မစန်းယုမေ ဖုန်း-၀၉၅၀၅၇၉၄၅၊ ကိုဉာဏ်ဝင်း ဖုန်း - ၀၉-၈၀၃၀၂၆၈၊ ကိုတင်အောင်ဝင်း ဖုန်း - ၂၄၀၀၅၄၊ ၂၄၃၉၅၂၊ မအေးအေး(ပိစိ) ဖုန်း-၅၀၀၈၂၃၊ မချိုချိုအေး ဖုန်း-၀၉၅၁၈၆၄၀၃၊ ကိုသိန်းပိုင် ဖုန်း-၀၉၅၁၅၅၆၁၄၊ ကိုမျိုးသန့် ဖုန်း-၀၉၅၀၁၃၃၅၆၊ ကိုဒေဝအောင် ဖုန်း - ၀၉၅၃၂၁၉၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(ကြေးမုံ)

# ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

**၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်တွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ ရွှေ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။**




ထို့နောက် မွန်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာငွေးအောင်က ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး ဆောင်ရွက်မှု လုပ်ငန်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား လည်းကောင်း၊ တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုးက အထက်တန်းနှင့်အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသူများအား လည်းကောင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက အထက်တန်းနှင့် အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲတို့တွင် ဆုရရှိသူများအား လည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေးအောင်က အဆိုပြိုင်ပွဲတွင် ဆုရရှိသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဧည့်သည်များသည် ပြည်တွင်းနှင့် နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းတင်ဆက်သော ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ တေးသီချင်းနှင့် ပညာပေး တစ်ခန်းရပ်ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။ **(ဓါတ်ပုံ)**

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များကပြသထားသည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးပြခန်းများကို ကြည့်ရှုအားပေးကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်ရှိ မြန်မာ့ဆံကေသာစက်ရုံ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာညွှန့်ညွှန့်ဦးက "မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း" သိကောင်းစရာများကို ဟောပြောဆွေးနွေးပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို လက်ခံသည်။ ထို့နောက် စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွှန့်က "လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများအကြောင်း"ကိုလည်းကောင်း၊ စည်းရုံးရေးဌာနကြီး အတွင်းရေးမှူး ဒေါက်တာမြတ်လေးကျင်က "ခုခံအား ကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အသိပညာများ"ကို လည်းကောင်း ဟောပြောဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အဆိုပြုလွှာများလက်ခံ**

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာညွှန့်ညွှန့်ဦး အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို လက်ခံစဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နည်းပညာပေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်နေသော မြို့ပြအင်ဂျင်နီယာများ၊ စက်မှုအင်ဂျင်နီယာများ၊ လုပ်ငန်းခွင်ဝင် လူငယ်အင်ဂျင်နီယာများ၊ ကန်ထရိုက်တာများအတွက် နည်းပညာဆိုင်ရာဟောပြောပွဲတစ်ရပ်ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကကြီးမှူး၍ ဒီဇင်ဘာ ၁၃ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၅နာရီအထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ထိုင်းနိုင်ငံမှ အင်ဂျင်နီယာများက "Anchoring Theory and Application, Drilling and Measuring Technology and Basic of Fire Stop" ခေါင်းစဉ်ဖြင့် နည်းပညာဆိုင်ရာ ဟောပြောခြင်းနှင့် လက်တွေ့ပစ္စည်းများပြသခြင်းများကို ဟောပြောပို့ချပြသမည်ဖြစ်ကြောင်း သိရသည်။ စိတ်ပါဝင်စားသူများ မည်သူမဆိုတက်ရောက်နိုင်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

## စလေအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

စလေအသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဘက်မုခ် စာရင်းစစ်ချုပ်ရုံးဓမ္မာရုံ၌ ဒီဇင်ဘာ ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီမှ ၁၂နာရီထိ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော စလေမြို့နယ်သူ၊ မြို့နယ်သားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင်များနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းကို ဦးစောလွင် ဖုန်း-၅၁၈၄၄၈၊ ဒေါ်ပြုံး ဖုန်း-၆၆၁၂၂၀ တို့သို့ ဒီဇင်ဘာ ၂၂ ရက်မတိုင်မီ ဆက်သွယ်စာရင်းပေးသွင်းကြရန်နှင့် အသင်းဝင်များသို့ ဖိတ်စာများပေးပို့ထားကြောင်းနှင့် ဖိတ်စာများ မရရှိပါကလည်း တက်ရောက်ကြပါရန် နိုးဆော်ထားကြောင်းသိရသည်။

(ကြေးမုံ)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ တတိယအကြိမ်မြောက်ပန်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်း-ကျော်ဖုံး)** (သစ်တော)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးနှင့် ဝန်ကြီးများ ပြင်ဦးလွင်မြို့အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ခေတ်မီကလေးကစားကွင်းတွင် ကြည့်ရှုစဉ်။ (သတင်း-ကျော်ဖုံး)** (သစ်တော)



**ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ခေတ်မီကလေးကစားကွင်းတွင် ပြည်သူများ လာရောက်အပန်းဖြေနေကြသည်ကို တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး)** (သစ်တော)

## ကမ္ဘာ့ငွေကြေး အကျပ်အတည်းနှင့် ယနေ့စီးပွားရေးအကြောင်း ဟောပြောမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Ever Flow River Group of Companies ၏ ပံ့ပိုးကူညီမှုဖြင့် ဒီဇင်ဘာ ၁၃ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးတင်မောင်သန်း (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)က"ကမ္ဘာ့ငွေကြေး အကျပ်အတည်းနှင့် ယနေ့စီးပွားရေး" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စာကြည့်တိုက်နှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ စာအုပ်များလှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၁

**အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ ပွင့်လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ဂျာနယ်မျိုးစုံနှင့် စာအုပ်များ လှူဒါန်းကာ ဒေသခံပြည်သူများအား တွေ့ဆုံသည်။**

ဆက်လက်၍ ဝန်ကြီးသည် စာကြည့်တိုက်အဆောက်အအုံအတွက် ငွေကျပ်တစ်သိန်း၊ မဂ္ဂဇင်း၊ စာစောင်များ၊ ဗလာစာအုပ်များနှင့်အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဒီဇင်ဘာ ၁၀ရက်က ဖွင့်လှစ်သော ပွင့်လင်းရောင်ခြည် စာကြည့်တိုက် အဆောက်အအုံမှာ အလျား ၂၂ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုးအဆောက်အအုံဖြစ်ပြီး ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၂၀ အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် စစ်ကိုင်းမြို့နယ် ပဒူကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ပီတုသယ်ရာဇာ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စစ်ကိုင်းမြို့နယ် ပညာရေးမှူး၊ ပဒူတွဲဖက် အထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ ဥက္ကဋ္ဌတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးက အမှာစကား ပြောကြားပြီး ကျောင်းအတွက် ကွန်ပျူတာတစ်လုံး၊ ဗလာစာအုပ်များနှင့်အားကစားပစ္စည်းများကိုတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဒီဇင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်သော ပီတုသယ်ရာဇာကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀၊ အမြင့် ၂၃ ပေရှိ နှစ်ထပ်အုတ်ညှပ် သွပ်မိုးအဆောက်အအုံ အခြေခံဖြစ်ပြီး ငွေကျပ်သိန်း ၃၀၀ အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ ပွင့်လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ဂျာနယ်မျိုးစုံနှင့် စာစောင်များ၊ စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## စိုက်ပျိုးရေးတက္ကသိုလ် အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

၁၉၈၂ ခုနှစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စတင်တက်ရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အာစရိယပူဇော်ပွဲနှင့် Gathering ပြုလုပ်ရန်အတွက် မပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးစန်းယုမောင် (ရန်ကုန်)ဖုန်း-၀၉၅၃ ၄၁၂၅၂၊ ဦးကျော်ငြိမ်းအောင် ဖုန်း-၀၉၅၁ ၃၃၇၀၀(မန္တလေး)၊ ဦးတိတ်စိန်(ရန်ကုန်) ဖုန်း-၀၉ ၅၁ ၁၆၃၁၇၊ ဦးထွန်းအေး ဖုန်း-၀၉၂၀၂၉၃၆၈(မန္တလေး)၊ ဒေါ်နန်းသန်းမြင့်(ရန်ကုန်) ဖုန်း-၀၁၇၂၂ ၂၂၀၊ ဒေါ်ငွေငွေရီ(ရန်ကုန်) ဖုန်း-၀၉ ၅၁ ၀၁၅၆၁၊ ဒေါ်မျိုးမမအောင် ဖုန်း-၀၉၂၀ ၀၂၈၂၃(မန္တလေး)၊ ဒေါ်ခင်မာကြူ(မကွေး) ဖုန်း- ၀၉၂၀၂၅၅၄၉၊ ဦးဘိုကျော်(မုံရွာ) ဖုန်း-၀၉၂၁ ၃၂၉၅၀(မုံရွာ)တို့သို့ ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

## ဘားအံအထက(၁)အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဘားအံမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီတွင် ဘားအံအထက(၁) မြသံလွင်ခန်းမ၌ ကျင်းပမည်ဖြစ်၍ အသက်(၆၀)ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီးများနှင့် စာသင်နှစ်အားလုံးမှ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသော အလှူရှင်များနှင့် ရန်ကုန်မှ လိုက်ပါလိုသော ကျောင်းသားဟောင်းများသည် ဇန်နဝါရီ ၃ရက် နံနက် ၆ နာရီတွင် အောင်မင်္ဂလာအဝေးပြေး ကားဝင်းမှ ထွက်ခွာမည့် အထူးယာဉ်ဖြင့် လိုက်ပါနိုင်ရေးအတွက် ဒေါ်နန်းလှယဉ်မေ (ကျောင်းအုပ်ကြီး) ဖုန်း-၀၅၈၂၁၀၅၅၊ ဦးငွေစိုး ဖုန်း-၀၅၈-၂၁၃၇၂၊ ဦးအောင်ပိုက် ဖုန်း-၀၅၈-၂၁၃၆၇၊ ဗိုလ်မှူးအောင်ဆန်း(ရေ-ငြိမ်း)ဖုန်း-၀၉၅၁- ၇၄၀၅၈၊ ဦးသန်းရွှေ ဖုန်း-၀၁-၅၄၈၂၀၉၊ ဦးဉာဏ်ဝင်း ဖုန်း-၀၉ ၅၁-၃၁၁၃၀၊ ဦးစိုးမြင့် ဖုန်း-၀၉၅၁၈၃၁၀၂ နှင့် ဦးစောကျင်ပိုင် ဖုန်း-၀၉၅၁-၁၁၂၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)





# ကိုယ့်မင်းကိုယ့်ချင်းရိပ်သာ ကတ္တရာကွန်ကရစ်လမ်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးသည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးအနောက်ရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း ကတ္တရာကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၇ နာရီတွင် အဆိုပါလမ်းထိပ်ရှိ မုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်အားပေးချီးမြှင့်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညွန့်တို့နှင့်အတူ လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံကို မြို့တော်ဝန်အား ဂါရဝပြုပေးအပ်သည်။ ထို့နောက် မြို့တော်ဝန်၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**ဒီဇင်ဘာ ၁၀ ရက်က ဖွင့်လှစ်သည့် ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်းသည် လမ်းအရှည်ပေ ၁၂၅၀ နှင့် အကျယ် ၁၆ ပေရှိပြီး ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၁၉)

## IBTC Open Golf Championships
## ဂေါက်သီးရိုက်ပြိုင်ပွဲတတိယနေ့(၁၈)ကျင်းပြိုင်ပွဲဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့ကကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ တတိယပွဲစဉ်အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ Lashio Golf Club ၌ ဆက်လက်ကျင်းပသည်။ တတိယနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ်(Srixon)က သုံးရက်ပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။



မင်းနိုင်(Srixon)က သုံးရက်ပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် ဒုတိယ၊ သိန်းဇော်မြင့်(KM Golf Center)က သုံးရက်ပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့် တတိယ၊ ဇော်ဇင်ဝင်း (Srixon) နှင့် ယဉ်အောင်လတ်တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၆ ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။ အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် စိုးမိုးဝင်းက သုံးရက်ပေါင်းရိုက်ချက် ၂၀၇ ချက် **(ဝဲပုံ)**ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ဘိုဘိုက သုံးရက်ပေါင်းရိုက်ချက် ၂၁၀ ချက်ဖြင့် ဒုတိယ၊ အောင်ဝင်း(သစ်တော)က သုံးရက်ပေါင်းရိုက်ချက်၂၁၂ချက်ဖြင့်တတိယ၊ မောင်မောင်ဦးက သုံးရက်ပေါင်းရိုက်ချက် ၂၁၅ချက်ဖြင့် စတုတ္ထလိုက်နေကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co.,Ltd. က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များဖြစ်ကြသော Air Bagan Ltd., Hotel Yangon, Ruby Dragon (Jade and Gams ) Co.,Ltd, KBZ Bank Ltd., Alpine Purified Drinking Water, MY Associates Co.,Ltd. Srixon, ကျားခေါင်းဘီလပ်မြေ၊ KM Golf Center, ACCEL International Co.,Ltd (Canon)နှင့် Lifeline (DHEA-Plus) တို့ကလည်း ထပ်မံ၍ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၂-၁၂-၂၀၀၈ (သောကြာနေ့)**

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၁၅ ၄။ မဟာဂီတ ချိုကြည်မြ
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၀ ၇။ မြန်မာစာ မြန်မာစကား
- ၅း၀၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၃၁)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေး ကဗျာ
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှလုံးသားအလှသစ္စာတရား (အပိုင်း-၄)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

## အလွတ်တန်းနှင့် သက်တမ်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၁

**၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဖလား အလွတ်တန်းနှင့် သက်တမ်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ အလွတ်တန်း ပြိုင်ပွဲတွင် M.B.F အမျိုးသားအသင်းနှင့် လယ်၊ ဆည်အမျိုးသမီး အသင်း၊ အသက်(၂၀) အောက်ပြိုင်ပွဲတွင် D.G.H (ရှမ်း၊ မြောက်) အမျိုးသားအသင်း၊ စက်မှု(၁) အမျိုးသမီး အသင်းတို့က အနိုင်ရ ဗိုလ်စွဲသွားကြသည်။**

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးအသက်(၂၀) အောက်ပြိုင်ပွဲတွင် တတိယဆုရ မိုးကုတ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ် နှစ်သိန်း၊ ဒုတိယဆုရ မန္တလေး အသင်းအား ဆုတံဆိပ်နှင် ငွေကျပ် သုံးသိန်း၊ ပထမဆုရစက်မှု(၁)အသင်းအား ဆုတံဆိပ်နှင့် ကျပ်လေးသိန်း၊ အမျိုးသားပြိုင်ပွဲတွင် တတိယဆုရ Furious အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် နှစ်သိန်း၊ ဒုတိယဆုရ I.S.M (Dragons) အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် သုံးသိန်း၊ ပထမဆုရ D.G.H အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်း၊ အလွတ်တန်း အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရ စက်မှု (၁)အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် လေးသိန်း၊ ပထမဆုရ လယ်/ဆည် အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် ခြောက်သိန်း၊ အမျိုးသားပြိုင်ပွဲတွင် တတိယဆုရ တနင်္သာရီရေတပ်စခန်း ဌာနချုပ် အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် သုံးသိန်း၊ ဒုတိယဆုရ FOX အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်း၊ ပထမဆုရ M.B.F အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် ခုနစ်သိန်း တို့ကို အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းက အကောင်းဆုံး အားကစားသမား ဆုရရှိကြသော ယူ-၂၀ အမျိုးသမီးပြိုင်ပွဲမှ သဲသဲစန္ဒီမောင် (မန္တလေး)၊ အမျိုးသားပြိုင်ပွဲမှ ဆုဝင်း (D.G.H)၊ အလွတ်တန်းအမျိုးသား ပြိုင်ပွဲမှ ဉာဏ်လင်း (M.B.F)၊ အမျိုးသမီးပြိုင်ပွဲမှ သက်ဆုထွေး (လယ်/ဆည်)တို့အား ဆုတံဆိပ်နှင့် ငွေကျပ်နှစ်သောင်းစီကိုလည်းကောင်း၊



စင်ကာပူနိုင်ငံမှ လာရောက် ယှဉ်ပြိုင်သော New City အသင်းနှင့် ဒိုင်လူကြီးများအား ဂုဏ်ပြုဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆု ရရှိကြသော စက်မှု(၁) ယူ-၂၀ အမျိုးသမီးအသင်း၊ (D.G.H) ယူ-၂၀အမျိုးသားအသင်း၊ လယ်/ ဆည် အမျိုးသမီးအသင်းနှင့် (M.B.F) အမျိုးသားအသင်းတို့အား တံခွန်စိုက်ဆုဖလားများ ပေးအပ် ချီးမြှင့်သည်။

အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ယူ-၁၃ ပြိုင်ပွဲနှင့် ယူ-၁၆ ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၂ ရက်မှစ၍ ကျိုက္ကဆံ မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

**အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမျိုးသား ယူ-၂၀ ပြိုင်ပွဲ ပထမဆုရ D.G.H (ရှမ်း/မြောက်) အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။** (ကြေးမုံ)

## ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပွဲစဉ် ဒုတိယနေ့ပွဲစဉ်များပြီး ရီးယဲလ်မက်ဒရစ် အုပ်စုဒုတိယဖြင့်သာတက်

လန်ဒန် ဒီဇင်ဘာ ၁၁

**ချန်ပီယံလိဂ်အုပ်စု နောက်ဆုံးပွဲစဉ် ဒုတိယနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် မန်ယူ၊ ဘိုင်ယန်မြူးနစ်၊ ပေါ်တိုနှင့် ဂျူဗင်တပ်စ်တို့မှာ အုပ်စုဗိုလ်ဖြင့် အသီးသီး နောက်တစ်ဆင့် တက်နိုင်ခဲ့ပြီး ဗီလာရီးယဲလ်၊ လိုင်ယွန်၊ အာဆင်နယ်နှင့် ချန်ပီယံလိဂ်တွင် အစဉ်အလာ အကြီးမားဆုံးဖြစ်သည့် ရီးယဲလ်မက်ဒရစ်တို့မှာ အုပ်စုဒုတိယဖြင့်သာ နောက်တစ်ဆင့် တက်နိုင်ခဲ့ကြသည်။**

**အုပ်စု (င)**တွင် ပါဝင်သည့် မန်ယူမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေ ရမှတ် (၁၀)မှတ်ဖြင့် အုပ်စုဗိုလ်၊ ဗီလာရီးယဲလ်မှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ ရမှတ် ကိုးမှတ်ဖြင့် အုပ်စု ဒုတိယရရှိကာ နောက်တစ်ဆင့်သို့ တက်နိုင်ခဲ့ပြီဖြစ်သည်။ ဒိန်းမတ် ကလပ်အသင်းဖြစ်သည့် အယ်လ်ဘော့ဂ်မှာ ရမှတ် ခြောက်မှတ်ဖြင့် ယူအီးအက်ဖ်အေသို့ သွားခွင့်ရရှိကာ ဆဲလ်တစ်မှာ ဤအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

**အုပ်စု (စ)**တွင် ဘိုင်ယန်မြူးနစ်မှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ် (၁၄)မှတ်ဖြင့် အုပ်စုဗိုလ် ရရှိခဲ့သည်။ လိုင်ယွန်မှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် (၁၁)မှတ်ဖြင့် အုပ်စုဒုတိယသာ ရရှိခဲ့သည်။ အီတလီကလပ်အသင်းဖြစ်သည့် ဖီအိုရင်တီးနားမှာ ရမှတ် ခြောက်မှတ်ဖြင့် ယူအီးအက်ဖ်အေသို့ လှမ်းခွင့်ရရှိခဲ့သည်။ ရိုမေးနီးယား ကလပ် စတူအာဘူခါရက်မှာ ဤအုပ်စု၏ အဖြည့်ခံသက်သက်မျှသာဖြစ်သည်။

**အုပ်စု (ဆ)**တွင် ပေါ်တိုမှာ အာဆင်နယ်ကို အနိုင်ယူပြီး အုပ်စုဗိုလ်အဖြစ် ရယူနိုင်ခဲ့သည်။ ပေါ်တိုမှာ လေးပွဲနိုင်၊ နှစ်ပွဲရှုံး (၁၂) မှတ်ရရှိပြီး အာဆင်နယ်မှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးကာ (၁၁) မှတ်သာ ရရှိခြင်းကြောင့် အုပ်စုဒုတိယသာ ရရှိခဲ့ခြင်းဖြစ်သည်။ ဤအုပ်စုမှ ယူအီးအက်ဖ်အေ သွားခွင့်ရရှိသည့် အသင်းမှာ ရမှတ်ရှစ်မှတ်ရရှိသည့် ဒိုင်နမိုကိယက်ဖ်ဖြစ်သည်။ တူရကီကလပ် ဖီနာတာချီမှာ နှစ်မှတ်သာရရှိပြီး ဥရောပ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

**အုပ်စု (ဇ)**တွင် ဂျူဗင်တပ်စ်မှာ နာမည်ကြီး ရီးယဲလ်မက်ဒရစ်နှင့် အမှတ်တူသော်လည်း ဂိုးကွာခြားချက်ကြောင့် အုပ်စုဗိုလ်ရရှိခဲ့သည်။ ဂျူဗင်တပ်စ်မှာလည်း သုံးပွဲနိုင်၊ သုံးပွဲသရေဖြင့်(၁၂)မှတ် ရရှိခဲ့သည်။ ရီးယဲလ်မက်ဒရစ်မှာ လေးပွဲနိုင်၊ နှစ်ပွဲရှုံး (၁၂)မှတ်ဖြင့် အုပ်စုဒုတိယ ရရှိကာ ရုရှားကလပ်ဇင်းနစ်မှာ ရမှတ် ငါးမှတ်ဖြင့် ယူအီးအက်ဖ်အေသို့ သွားခွင့် ရရှိခဲ့သည်။ ချန်ပီယံလိဂ်အတွေ့အကြုံ မရှိသည့် ဘီလာရုစ်ကလာပ်ဘိုရီဆော့ပ်မှာဥရောပပြိုင်ပွဲများကို ဤအဆင့်ဖြင့်သာ နှုတ်ဆက်ခဲ့ရပြီဖြစ်သည်။

### ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၆) ဒုတိယနေ့ပွဲစဉ်များရလဒ်

| | | |
|---|---|---|
| မန်ယူ | ၂-၂ | အယ်လ်ဘော့ဂ် |
| ဆဲလ်တစ် | ၂-၀ | ဗီလာရီးယဲလ် |
| စတူအာဘူခါရက် | ၀-၁ | ဖီအိုရင်တီးနား |
| လိုင်ယွန် | ၂- ၃ | ဘိုင်ယန်မြူးနစ် |
| ပေါ်တို | ၂-၀ | အာဆင်နယ် |
| ဒိုင်နမိုကိယက်ဖ် | ၁-၀ | ဖီနာဘာချီ |
| ဂျူဗင်တပ်စ် | ၀-၀ | ဘိုရီဆော့ဗ် |
| ရီးယဲလ်မက်ဒရစ် | ၃-၀ | ဇင်းနစ် |

*ဝင်းတင်(ကြေးမုံ)*

## The LIVE NEWS ဂျာနယ် အမှတ်(၁၁၀)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ်(၁၁၀)တွင် မြင်းမူမောင်နိုင်မိုး၏ ပျက်စီးခြင်း၊ သူယုတ်မာဟူသည်၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၂)၊ ကိုကိုလှိုင်၏ မွမ်ဘိုင်းအကြမ်းဖက်မှုနှင့် တောင်အာရှဒေသ မဟာဗျူဟာကျားကွက် လှုပ်ရှားမှုများ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သယ်ယူပို့ဆောင်ရေးယာဉ်များ သမိုင်းကြောင်း(၂) (Pony-cart)နဲ့ စက်တပ်ယာဉ်အစ Steam Tram က၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့ရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည် အပိုင်း(၄)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ(၁၃)၊ အာရှမိုး၏ နိုင်ငံရေးနှင့် မီဒီယာကြားမှ ကွန်ပျူတာနည်းပညာ အနုတ်အသိမ်းပြဿနာ၊ ဦးထွန်းညို(ရန္တပို)၏ နိုင်ငံခြားသွားပြီး အလုပ်လုပ်မယ်ဆိုရင် စင်ကာပူကိုသွားပါ၊ တီတီအိပ်ချ်(ပြည်)၏ သည်အရိပ်မှာခိုပါ-နားပါ၊ အမေရိကန်ထောက်လှန်းရေး အစီရင်ခံစာရဲ့ အနှစ် ၂၀ အနာဂတ် ဟောကိန်း၊ ရုရှားနိုင်ငံက အိန္ဒိယတွင် နျူကလီးယားဓာတ်ပေါင်းဖို လေးခုထပ်မံ တည်ဆောက်ပေးမည်၊ စိတ်ချမ်းသာမှုနည်းလေ ရုပ်မြင်သံကြားကို ပိုမိုကြည့်ကြလေဆိုတဲ့ နောက်ဆုံးပေါ် လေ့လာတွေ့ရှိချက်၊ ဆေးဝါးဥပဒေသစ်များထုတ်ပြန်၍ အင်ဒိုနီးရှားဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများအားကြပ်မတ်၊ ချစ်ဇနီးလောင်းအတွက် လက်ဖွဲ့ပစ္စည်းပေးရန် ရည်ရွယ်၊ လဗီမာန်ပေါ်မှ မြေကွက်ဝယ်ရန် ကမ်းလှန်းသော ရုရှားသန်းကြွယ်သူဌေး၊ မော်ဒယ်လောကထဲ ကို ဝင်ရောက်တော့မယ့် စင်ရော်မောင်မောင်ရဲ့ အနုပညာမျိုးဆက်သစ်လေး မော်ဖူးမောင်၊ ပင်လယ်ပျော်မင်းသား အပိုင်း(၅၅၊၅၆)စသည့် သတင်းဆောင်း ပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃လ-၁၃စောင်-၅၈၅၀ိ၊ ၆လ ၂၆စောင်-၁၁၇၀၀ိ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်(၃၁၀)၊ အခန်း(၀၀၄) ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ်(၅၅) ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

**ယနေ့နံနက် ၉နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့်ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ် မှ ၄ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။

**ထူးခြားသည့်ညအပူချိန်**များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၁၂ရက် ညနေထိ ခန့်မှန်းချက်။** ။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် အများအားဖြင့်သာယာပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | | |
|---|---|---|
| ၃၂ဒသမ ၁ဒီဂရီစင်တီဂရိတ်(၉၀ဒီဂရီဖာရင်ဟိုက်) | | ၁၀-၁၂-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၁၇ဒသမ ၀ဒီဂရီစင်တီဂရိတ်(၆၃ဒီဂရီဖာရင်ဟိုက်) | ၁၁-၁၂-၂၀၀၈ |
| ၉း၃၀နာရီအချိန် စိုထိုင်းဆ ၆၈ရာခိုင်နှုန်း | ၁၁-၁၂-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၈ဒသမ ၀နာရီခန့် | ၁၀-၁၂-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၁-၁၂-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၈၀၂ မမ (၁၁၀ဒသမ ၃လက်မ) | ၃၀၇၂မမ (၁၂၀ဒသမ ၉၅လက်မ) | ၃၅၈၀မမ (၁၄၀ဒသမ ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၁-၁၂-၂၀၀၈ရက် ၉း၃၀ နာရီအချိန်တွင် မြောက်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။



**ဒီဇင်ဘာ ၁၁ ရက်က ၂၀၀၈ခုနှစ် အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲကို အထက(၆)ဗိုလ်တထောင်၌ ကျင်းပရာ (အမျိုးသမီး)ကျောက်တံတားကျောင်းနှင့် ကြည့်မြင်တိုင်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်စဉ်။**

(မြန်မာနိုင်ငံရိုးရာအဖွဲ့ချုပ်)

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဦးထွန်းနုသည် ကစားဖော်များဖြစ်ကြသော ဦးသာညွန့်၊ ဦးမောင်မောင်အောင်တို့နှင့်အတူ ယမန်နေ့တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON ZUR-S No.1 ဘောလုံးကို Ping Rsi Iron No.6 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၂ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)အတွင်းရှိ ခေတ်မီကလေးကစားကွင်းနှင့် တတိယအကြိမ်မြောက် ပန်းပွဲတော် ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ခေတ်မီကလေးကစားကွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သစ်တော)



**နေပြည်တော် ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ခေတ်မီကလေးကစားကွင်းဖွင့်ပွဲနှင့် တတိယအကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဥယျာဉ်၌ကျင်းပသည်။

ရှေးဦးစွာ ခေတ်မီကလေးကစားကွင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ခေတ်မီကလေးကစားကွင်းကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တတိယအကြိမ်မြောက် ပန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပန်းပွဲတော်အတွင်းလှည့်လည်ကြည့်ရှုကြသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)၏ တတိယအကြိမ်မြောက် ပန်းပွဲတော်တွင် ပြည်တွင်းပန်း အမျိုးပေါင်း ၁၆ မျိုး၊ ပြည်ပပန်းအမျိုးပေါင်း ၇၀ ကျော်ဖြင့် ပန်းပွင့်အရေအတွက် ခုနစ်သန်းကျော်ကို မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြသထားသည်။ ထို့ပြင် မြန်မာပြည်မြေပုံနှင့် ဒီဇိုင်းရုပ်တုအမျိုးမျိုးကို ပန်းပွင့်များဖြင့် ဝေဝေဆာဆာလှပစွာ သရုပ်ဖော်ပြသထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားကန်တော်ကြီး ဥယျာဉ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ ပြည်တွင်းပြည်ပသစ်မျိုး ၆၀၀ နီးပါး၊ မြန်မာ့သစ်ခွမျိုး ၃၀၀၊ ရွက်လှ ၇၅ မျိုး၊ ဝါးမျိုး ၇၅ မျိုးတို့ကို စိုက်ပျိုးပြသထားသည်။ မျက်စိပသာဒရှိစေရန်နှင့် အပန်းဖြေ စိတ်ရွှင်လန်းစေရန် မြက်ခင်းနှင့်ရောင်စုံပန်းမျိုးများကို ရင်သပ်ရှုမောဖွယ် မြက်ခင်းအလှ အမျိုးမျိုးအဖုံဖုံဖြင့် တစ်နှစ်ထက်တစ်နှစ် တီထွင်ဆန်းသစ်ပြသလျက်ရှိသည်။ (သတင်းစဉ်)



အမျိုးသားတစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သော ရဲမင်းဆွေ။

## အာရှအလွတ်တန်း Compound မြားပစ်ပြိုင်ပွဲ မြန်မာမြားပစ်အဖွဲ့ ရွှေ၊ ငွေ စတင်ဆွတ်ခူး

**ရန်ကုန် ဒီဇင်ဘာ ၁၁**

၂၀၀၈ ခုနှစ် ပထမအကြိမ်ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှအလွတ်တန်းCompound မြားပစ်ပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျိုက္ကဆံအမှတ် (၅)ဂိတ်ရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၌ စတင်ကျင်းပရာပြိုင်ပွဲပထမနေ့အပြီးတွင် အိမ်ရှင် မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု စတင် ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲပထမနေ့တွင် မီတာ (၇၀) မြား (၇၂)ချောင်း အမျိုးသားတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲနှင့် အမျိုးသမီးတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတို့ ထည့်သွင်းကျင်းပခဲ့သည်။ ပြိုင်ပွဲကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင်၊ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး အား/ကာ)နှင့်အမှုဆောင်များ၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. Sanguan Kosavinta၊ အာရှမြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ Maj (Rtd) Baharuddin Jamil နှင့် အတွင်းရေးမှူး Mr. Um Sung-Ho၊ ပြိုင်ပွဲဝင်အသင်းများ၊ မြားပစ်အားကစားဝါသနာရှင်များတက်ရောက်ကြည့်ရှု အားပေးကြသည်။

မြန်မာမြားပစ်အဖွဲ့ အတွက် ရွှေတံဆိပ်ဆုများကို အမျိုးသားပြိုင်ပွဲမှ ရဲမင်းဆွေက တစ်ခု၊ အမျိုးသမီး ပြိုင်ပွဲမှ အောင်ငိုမ်းက တစ်ခု၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

## ကြေးမုံ The Mirror အင်တာနက် စက်မှုသိပ္ပံ သတင်း




**မော်တော်ကား ကုမ္ပဏီများအား သဘာဝပတ်ဝန်းကျင်မထိခိုက်နိုင်သော ကားအမျိုးအစားများ ထုတ်လုပ်ရေးအတွက် တွန်းအားပေးနေသော စူးစမ်းတီထွင်ရေးသမား မစ္စတာပါးလ်မားသူ၏ "ဆိုလာတက္ကစီ" နှင့်အတူ ဂုဏ်ယူဝင့်ကြွားနေစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## ဆိုလာတက္ကစီနှင့် ကမ္ဘာပတ်သူ

**ဦးသန်း**

နေရောင်ခြည် စွမ်းအင်နှင့် မောင်းနှင်သော ကားတစ်စီးသည် ပိုလန်နိုင်ငံ မြို့တော်ပို့စ်နန်၌ ယခုလစောစောပိုင်းက ကုလသမဂ္ဂက ကြီးမှူးကျင်းပသော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဆွေးနွေးပွဲသို့ ဆိုက်ရောက်လာခဲ့သည်။ ၎င်းကားသည် နိုင်ငံပေါင်း ၄၀ ပါဝင်သော ကမ္ဘာတစ်ပတ်ခရီးကို ပေါက်ရောက်ခဲ့ပြီးဖြစ်သည်။

ဆိုလာတက္ကစီ ဟုအမည်ပေးထားသော ထိုကားကို မောင်းနှင်လာခဲ့သူမှာ ဆွစ်လူမျိုး ကျောင်းဆရာ လူးဝစ်ပါးလ်မားဆိုသူဖြစ်သည်။ သူသည် ၁၇လကြာမြင့်သော ထိုခရီးစဉ်တွင် မိုင်ပေါင်း ၃၂၀၀၀ (ကီလိုမီတာ ၅၂၀၀၀)နှင့်နိုင်ခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ✡**

## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါး သုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်းသန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသော ဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



အမျိုးသမီးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သော အောင်ငိုမ်း။